# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားခြတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (ဝ၆၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel – General Kim Alexey Rostislavovich က လာရောက် ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel – General Kim Alexey Rostislavovich က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း နှင့် တပ်မတော်အရာရှိကြီးများ

*စာမျက်နှာ ၃ ကော်လံ ၁* ❁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel – General Kim Alexey Rostislavovich လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

## ယနေ့ မာတိကာ


နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ (Commercial Flights) ဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များအား ဖြေလျှော့ပေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် — ပြည်တွင်းသတင်း — စာ ၂

မြန်မာ- ဘင်္ဂလားဒေ့ရှ် အစိုးရချင်း သဘောတူညီမှုစာချုပ်အရ ဆန်တန်ချိန် သုံးသောင်းမှ ငါးသောင်းအထိ တင်ပို့ရန်လျာထား — ပြည်တွင်းသတင်း — စာ ၄

ငြိမ်းချမ်းရေး သို့မဟုတ် နိုင်ငံ့အနာဂတ်ခရီးအတွက် အခြေခံလိုအပ်ချက် — ဆောင်းပါး — စာ ၆


## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အသက်ထက်မြတ်သော ဂုဏ်သိက္ခာဆို၊ ငို၊ ပြော ဇာတ်ကြီးဖြင့် ဆက်လက်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါပဒေသာကပွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV– HD ၊ MRTV Parliament Channel ၊ MWD HD Channel ၊ MWD Variety HD Channel၊ MRTV Web & App တို့တွင် ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံစီးပွားပြိုလဲပျက်စီးရေး အကြမ်းဖက်လမ်းညွှန်မှုကို ဆန့်ကျင်

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံများကို အကြမ်းဖက်ဖျက်ဆီးရေးအတွက် အမေရိကန်အခြေစိုက် အကြံပေးအဖွဲ့တစ်ခုက NUG နှင့် မြန်မာပြည်တွင်းမှ အကြမ်းဖက်အဖျက်အုပ်စုများကို နည်းပေးလမ်းပြ ပြုလုပ်နေပြီး NLD အစိုးရက အမေရိကန်ထံတွင် တိတ်တဆိတ်အပ်နှံထားသည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံကို NUG က သုံးစွဲခွင့်ပြုရန် တောင်းဆိုနေကြောင်းနှင့် NUG ၏ အကြမ်းဖက်လုပ်ငန်းများတွင် မြန်မာနိုင်ငံပိုင် အဆိုပါ ငွေကြေးကို သုံးစွဲနိုင်ရန် ကြံစည်နေသည်ဟု ယူဆနိုင်ကြောင်း ဆောင်းပါးရှင်တစ်ဦးက တင်ပြခဲ့ရာ မိမိတို့နိုင်ငံတော်ကြီး ပြိုလဲပျက်စီးရေးအတွက် အတွင်းနှင့်အပြင်ပေါင်း၍ မည်မျှကြံစည်ကြိုးပမ်းနေကြကြောင်းကို ပြက်ပြက်ထင်ထင်တွေ့မြင်ရသည်။ ထို့အပြင် အကြမ်းဖက်အဖျက်သမားများနှင့် ၎င်းတို့၏ လုပ်ရပ်များကို ကာကွယ်တားဆီးနိုင်ရေးတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြရန်လည်း တပ်လှန့်နှိုးဆော်ရန် လိုအပ်လာသည်။

မိမိတို့နိုင်ငံသည် အင်အားကြီးနိုင်ငံများအကြား မဟာဗျူဟာ အားပြိုင်ကြသည့် အင်ဒို ပစိဖိတ်ဒေသ၏ အချက်အချာ အရှေ့တောင်အာရှတွင် တည်ရှိနေပြီး ပထဝီအနေအထားအရရော ပြည်တွင်းနိုင်ငံရေး အခြေအနေအရပါ အင်အားကြီးတို့၏ ဝင်ရောက်စွက်ဖက်လှုပ်ရှားရန် အလားအလာများ ရှိနေသည့် နိုင်ငံဖြစ်သည်။ အင်ဒို ပစိဖိတ်ရပ်ဝန်းသည် အရှေ့အာရှ နှင့် အရှေ့တောင်အာရှနိုင်ငံများ၊ ယင်းနိုင်ငံများ၏ ကမ်းရိုးတန်းများနှင့် ကမ်းလွန်ပင်လယ်ပြင်များ ပါဝင်ပြီး ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများ တည်ရှိရာဒေသဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော် (၅၈ ရာခိုင်နှုန်း) နေထိုင်ရာဒေသဖြစ်သကဲ့သို့ နှစ်စဉ် အင်ဒို ပစိဖိတ်ဒေသရေပြင်ကို ကျော်ဖြတ်၍ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကျော်ဖိုး ကုန်သန်းရောင်းဝယ်နေခြင်းဖြစ်သည်။ အင်ဒို ပစိဖိတ်ဒေသသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးတိုးတက်နေသော ဒေသလည်းဖြစ်ရာ ကမ္ဘာ့အချက်အချာကို လွှမ်းမိုးနိုင်ရန် အင်အားကြီးတို့ ပြိုင်ဆိုင်ကြခြင်းဖြစ်သည်။

အမေရိကန်ဦးဆောင်သည့် အနောက်အုပ်စုနိုင်ငံများ အနေဖြင့် အာဆီယံကဲ့သို့သော ဒေသတွင်းနိုင်ငံငယ်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ချဉ်းကပ်ပြီး တစ်နိုင်ငံချင်းဆီကို စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ နည်းလမ်းများဖြင့် ဆွဲဆောင်စည်းရုံးခြင်း၊ မိမိတို့ဘက်မပါသည့် နိုင်ငံများကို လူ့အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လူနည်းစုတန်းတူညီမျှရေး စသည်တို့အပါအဝင် လစ်ဘရယ်စံနှုန်းများကို အကြောင်းပြ၍ ဝင်ရောက်စွက်ဖက် ဖိအားပေးခြင်းတို့ကို ပြုလုပ်လျက်ရှိရာ နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် ပြဿနာများမှာ ယင်း၏ အကျိုးဆက်များပင်ဖြစ်သည်။ ယခုလည်း မြန်မာနိုင်ငံအတွင်း လူသတ်၊ မိုင်းခွဲ၊ မီးရှို့ စသည့်အကြမ်းဖက်လုပ်ရပ်များကြောင့် နာမည်ပျက်လာပြီဖြစ်သည့် ပြည်တွင်းအကြမ်းဖက်အုပ်စုများကို စီးပွားရေးစစ်ပွဲဆင်နွှဲရန် ပြည်ပဆရာကြီးတို့က ထပ်မံအကြံပေးလိုက်ပြန်ပြီဖြစ်သည်။

မြန်မာနိုင်ငံ ပြိုလဲပျက်စီးစေရန်အတွက် မည်သည့်နည်းလမ်းကိုမဆို ကျင့်သုံးရန် ပြည်ပဆရာကြီးများက နည်းလမ်းပေးနေပြီး ပြည်တွင်းမှ နောက်လိုက်အကြမ်းဖက်သမားများကလည်း အဆင်ခြင်ကင်းမဲ့စွာ လိုက်ပါလုပ်ဆောင်နေကြသည်။ နိုင်ငံ၏ စီးပွားရေးကို ပစ်မှတ်ထား တိုက်ခိုက်ရန် အကြံပေးခြင်းက အိမ်တစ်အိမ်၊ မိသားစုတစ်စုအနေဖြင့် ဆိုလျှင် ထမင်းအိုး၊ ဟင်းအိုးနှင့် သောက်ရေအိုးတို့ကို ရိုက်ခွဲဖျက်ဆီးရန် ခိုင်းစေခြင်းပင်ဖြစ်သည်။ အိမ်အပြင်မှ လူက ခိုင်းခြင်းကို အိမ်တွင်းမိသားစုဝင်အနေဖြင့်ဆိုပါက ဦးနှောက်ပျက်နေသူမှလွဲ၍ မည်သူကမျှ လိုက်ပါလုပ်ဆောင်မည်မဟုတ်။ လုပ်လာပါကလည်း မိသားစုဝင်အားလုံးက ဟန့်တားကာကွယ် တိုက်ဖျက်ချေမှုန်းကြရမည်သာ ဖြစ်ပါကြောင်း။ ။




## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ကြေညာချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

၁။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ပထမနှစ်အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ၁-၁၂-၂၀၂၂ ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပညာရေးဝန်ကြီးဌာန website:www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website:www.dhe.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်နှင့် ကောလိပ်များတွင် ၂၆-၁၂-၂၀၂၂ ရက်မှ ၃၁-၁-၂၀၂၃ ရက်အထိ (၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်)၊ ၂၆-၁၂-၂၀၂၂ ရက်မှ ၂၈-၂-၂၀၂၃ ရက်အထိ (၂၀၂၂ ခုနှစ်မတိုင်မီ တက္ကသိုလ်ဝင်စာမေးပွဲအောင်နှင့် ကျရှုံးကျောင်းသားများ) (စနေနှင့် တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများအားလုံး၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၁၆-၁-၂၀၂၃ ရက်မှ ၂၈-၂-၂၀၂၃ ရက်အထိ (စနေနှင့် တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ (Commercial Flights) ဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များအားဖြေလျှော့ပေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် နိုဝင်ဘာ ၂၉

၁။ ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေနှင့် မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများအပေါ်မူတည်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များကို ထုတ်ပြန်ခြင်းနှင့် ဖြေလျှော့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိပြည်တွင်းကူးစက်ဖြစ်ပွားမှု ကျဆင်းလျက်ရှိပြီး (၁၄) ရက် ဆက်တိုက် ပိုးတွေ့နှုန်း (၁) ရာခိုင်နှုန်း အောက်ရောက်ရှိနေခြင်း၊ နိုင်ငံတကာပုံမှန်လေကြောင်း ခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသွားများတွင် ကိုဗစ်- ၁၉ ရောဂါပိုးတွေ့နှုန်း (၁) ရာခိုင်နှုန်း အောက်တွင်သာ ရှိနေခြင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်းတို့ကြောင့် နိုင်ငံတကာပုံမှန် လေကြောင်းခရီးစဉ်များ (Commercial Flights) ဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအား ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးကြောင်း သက်သေခံလက်မှတ် ပြသနိုင်သူ (သို့မဟုတ်) ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့် မထိုးနှံထားသူများအနေဖြင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၄၈) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေ အထောက်အထား ပြသနိုင်သူများအား လေယာဉ်ဆိုက်ရောက်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ RDT ဖြင့် ဓာတ်ခွဲစစ်ဆေးမှု ခံယူရန် သတ်မှတ်ချက်အား (၁-၁၂-၂၀၂၂) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၀:၀၁)နာရီမှ စတင်၍ ဖြေလျှော့ပေးသွားမည် ဖြစ်ပါသည်။ အဆိုပါ ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ် အသေးစိတ်အား (၃၀-၁၁-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်မည့် "နိုင်ငံတကာပုံမှန်လေကြောင်း ခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၁-၁၂-၂၀၂၂)" တွင် ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၃။ သို့ရာတွင် ကယ်ဆယ်ရေးလေယာဉ် ခရီးစဉ်များဖြင့် ဝင်ရောက်လာကြသည့် ခရီးသွားများနှင့် နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာကြသည့် ခရီးသွားများအတွက်မူ (၈-၁၀-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**အိမ်မြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မြန်မာ-ရုရှား နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

❁ ရှေ့ဖုံးမှ

တက်ရောက်ကြပြီး ရုရှားတပ်မတော်စစ်ဦးစီးချုပ်ရုံး အကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး Colonel Sergey Kurchenko နှင့် ရုရှားတပ်မတော် အရာရှိကြီးများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာ အပါအဝင် ပညာရေး၊ ကျန်းမာရေးနှင့် နည်းပညာပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရုရှားနိုင်ငံသို့ မြန်မာ့တပ်မတော်သား ပညာတော်သင်များ စေလွှတ်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများ၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ယဉ်ကျေးမှုပြိုင်ပွဲနှင့် တပ်မတော် အားကစားပြိုင်ပွဲများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ခဲ့မှုနှင့် အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ယနေ့ကမ္ဘာပေါ်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် နိုင်ငံတိုင်းက အလေးထားဆောင်ရွက်လျက်ရှိမှုနှင့် ယခုကဲ့သို့ **မြန်မာ-ရုရှား နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား အကြမ်းဖက်မှု တိုက်ဖျက်ရေး အတွက် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကိုပါ တစ်ဖက်တစ်လမ်းမှ အထောက် အကူပြုနိုင်သည့်** အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားတပ်မတော်စစ်ဦးစီးချုပ်ရုံး အကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားတပ်မတော်စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel – General Kim Alexey Rostislavovich က အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

## နိုင်ငံတော်၏ ဦးစားပေးမူဝါဒအရဆောင်ရွက်မည့် စီးပွားရေးကဏ္ဍများကို ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် ပံ့ပိုးဆောင်ရွက်နိုင်ရေး ကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အားကောင်းခြင်းအပေါ် မူတည်လျက်ရှိကြောင်း၊ ထို့ကြောင့် ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် ယင်းစနစ်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်ပို့ချမည့်သင်တန်းတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသိကောင်းစရာများ၊ မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ပြုပြင်ပြောင်းလဲရေး၊ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည်များ စာရင်းလျာထားဆောင်ရွက်ခြင်းနှင့် စာရင်းပြုစုခြင်း၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှုနှင့် အရအသုံးခန့်မှန်းခြေ ရေးဆွဲတင်ပြရာတွင် လိုက်နာရမည့်အချက်များ၊ ပြည်ပချေးငွေနှင့် ပြည်ပအကူအညီရယူခြင်း၊ နိုင်ငံခြားငွေသုံးစွဲခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ၊ စီမံကိန်းစိစစ်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊ ငွေတိုက်လုပ်ငန်းဆိုင်ရာ ဘဏ္ဍာရေးသတင်းအချက်အလက်များ၊ စာရင်းပေါင်းချုပ်ပြုစုရေးနှင့် အစီရင်ခံခြင်း၊ ဘဏ္ဍာရေးစာရင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်း စသည့်ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ သင်တန်းသား/ သင်တန်းသူများအနေဖြင့် သင်တန်းတွင် ဆွေးနွေးပို့ချသည့် သင်ခန်းစာများအပေါ် စာတွေ့နှင့်လက်တွေ့ပေါင်းစပ်ကျင့်သုံး ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ဦးစားပေးမူဝါဒအရဆောင်ရွက်မည့် စီးပွားရေးကဏ္ဍများကို ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် ပံ့ပိုးဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သော ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား/ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄) သို့ ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း သင်တန်းသား/သင်တန်းသူ ၃၂ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ရိုဘတ်စတာကော်ဖီ ကေ ၂၀၀၀၀ တိုးချဲ့စိုက်ပျိုးမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသော ကော်ဖီနှင့် တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်ရေးအတွက် ယှဉ်ပြိုင်စွမ်းအားမြင့်မားပြီး ရေရှည်တည်တံ့ခိုင်မြဲရေး ခေတ်မီနည်းစနစ်များနှင့် လိုက်လျောညီထွေရှိမှုကို ရေးရှုသည့် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရန်အတွက် ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး၌ ရိုဘတ်စတာကော်ဖီ ကေ ၂၀၀၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ကော်ဖီတိုးချဲ့ စိုက်ပျိုးရေးစီမံကိန်းအရ ၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် ကေ ၄၀၀၀ ကို မြို့နယ် ၁၈ မြို့နယ်၌ ဆောင်ရွက်စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးဝယ်ယူစုဆောင်းခြင်း၊ ပျိုးပင်ဝယ်ယူစုဆောင်းခြင်း လုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကော်ဖီစိုက်ပျိုးရေးကို စိတ်ပါဝင်စားသူများ၊ မြေလွတ်မြေရိုင်းလုပ်ကိုင်ခွင့်ရရှိသူများ၊ သစ်တောဧရိယာအတွင်း လုပ်ကိုင်ခွင့်ရရှိသူများနှင့် အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလိုသူများအနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး စိုက်ပျိုးရေးဦးစီးဌာန ပုသိမ်မြို့သို့လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသန်းအောင်ဆန်း (ဖုန်းနံပါတ် - ၀၉-၅၂၁၄၃၆၂)သို့ လည်းကောင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော်  နိုဝင်ဘာ  ၂၉

**၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထဲရေးဝန်ကြီးဌာန အားကစားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန်၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ တက်ရောက်ကြသည်။

### အောင်နိုင်ရေးအလံကိုအပ်နှင်း

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က အမှာစကား ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန အားကစားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်ထံ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ အောင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံကိုအပ်နှင်းပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအသင်းများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများကို ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းက အဆိုပါအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

### ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ဝင်များအား ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။



(၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမား ၁၅၈ ဦးသည် ဘော်လီဘော၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ လွန်ဆွဲ၊ ထုပ်ဆီးတိုးနှင့် အပြေးပြိုင်ပွဲစသည့် အားကစားနည်း ခုနစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၇) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော်  နိုဝင်ဘာ  ၂၉**

(၁၇) ကြိမ်မြောက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံ၍ Online စနစ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မဲခေါင်ဒေသခွဲ နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ မိုးလေဝသ အထူးပြုဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**



မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်များအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆန်းဦး ဦးဆောင်၍ ဆက်စပ်ဦးစီးဌာနများဖြစ်သည့် သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနတို့မှ အဆင့်မြင့်အရာထမ်း ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံမှ Chair အဖြစ် ဆောင်ရွက်ကာ အဖွင့်အမှာစကား ပြောကြားပြီး အစီအစဉ်အရ အာဆီယံမိုးလေဝသ အထူးပြုဌာန (ASEAN Specialised Meteorological Centre-ASMC)မှ ၂၀၂၂ ခုနှစ်အတွင်း အာဆီယံဒေသအတွင်း မီးလောင်မှုနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုကို ဖြေရှင်းနိုင်ရန်နှင့် ဒေသတွင်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် အတွက် အာဆီယံဒေသ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လမ်းပြမြေပုံအသစ် (၂၀၂၂-၂၀၃၀) ရေးဆွဲနေမှု၊ အာဆီယံဒေသ သစ်ဆွေးမြေ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာအသစ် (၂၀၂၂-၂၀၃၀) ရေးဆွဲမှု၊ မဲခေါင်ဒေသခွဲနိုင်ငံများ၏ ကိုယ်စားလှယ်များမှ ဆွေးနွေးပြောကြားခဲ့သည့် မဲခေါင်ဒေသခွဲ နိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချရေး ဆောင်ရွက်မှု၊ ချင်းရိုင်လုပ်ငန်းစီမံချက် (၂၀၁၇) ကို အကောင်အထည်ဖော်မှုဖြစ်သည့် Fire Hotspot အရေအတွက် လျှော့ချရမည့် အညွှန်းကိန်းများ၊ မဲခေါင်ဒေသခွဲ နိုင်ငံများတွင် မီးလောင်မှုနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးအတွက် ဒေသတွင်းနိုင်ငံများ၏ မီးခိုးမြူငွေ့ထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်တိုးတက်မှုကို ရှင်းလင်းတင်ပြခြင်းနှင့် (၁၈) ကြိမ်မြောက် မဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးအတွက် အချိန်နှင့် နေရာ သတ်မှတ်ခြင်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ- ဘင်္ဂလားဒေ့ရှ် အစိုးရချင်း သဘောတူညီမှုစာချုပ်အရ ဆန်တန်ချိန် သုံးသောင်းမှ ငါးသောင်းအထိ တင်ပို့ရန်လျာထား

**ရန်ကုန်  နိုဝင်ဘာ  ၂၉**

ဆန်တင်ပို့မှု အားကောင်းလာသဖြင့် စပါးဈေးတင်း ၁၀၀ လျှင် ငွေကျပ် ၁၃ သိန်းမှ ၁၆ သိန်းကျော်အထိ ပေါက်ဈေးများ ရှိနေကြောင်း ဆန်စပါးဈေးကွက်အတွင်းမှ သိရသည်။

"စပါးဈေးက တင်း ၁၀၀ ကို အမြင့်ဆုံး ၁၆ သိန်းကျော်အထိ ပေါက်ဈေးရှိနေပါတယ်။ ဒီနှစ်စပါးပေါက်ဈေးတွေ အခုလိုတရိပ်ရိပ်တက်နေတဲ့ အကြောင်းရင်းထဲက တစ်ခုကတော့ စိုက်ပျိုးထုတ်လုပ်မှု နည်းတာကြောင့်လည်းပါတယ်။ အထွက်နှုန်းလည်း နည်းတယ်။ ဈေးကွက်လိုအပ်ချက်ကများပြီး စပါးအထွက်နှုန်းက နည်းတဲ့အခါ အခုလိုတွေ ဈေးတက်လာတဲ့သဘောပါ"ဟု ကျုံပျော်မြို့နယ်မှ စပါးစိုက်တောင်သူ ဦးထွန်းထွန်းဝေက ပြောသည်။

မြန်မာ- ဘင်္ဂလားဒေ့ရှ် အစိုးရချင်း သဘောတူညီမှုစာချုပ်အရ ဆန်တန်ချိန် သုံးသောင်းမှ ငါးသောင်းအထိ တင်ပို့ရန် လျာထားပြီး အောက်တိုဘာလ နောက်ဆုံးပတ်တွင် ဆန်တန်ချိန် ၂၆၅၀ ကို စတင်တင်ပို့နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

"ဒီလဆန်းမှာကတည်းက ဆန်ချောဈေးတွေ အရင်စတက်လာတာ။ ဆန်ချောဈေးတက်တက်ချင်းမှာ ဆန်ကြမ်းဈေးက လိုက်တက်တာမျိုးမရှိဘဲ အေးနေခဲ့သေးတယ်။ အခုရက်ပိုင်းမှာတော့ ဆန်ကြမ်းဈေးနှုန်းတွေလည်း အနည်းနဲ့အများဆိုသလို ဈေးလိုက်တက်လာပါတယ်။ နောက်ပိုင်းလည်း ဆက်တက်သွားဖို့ရှိတယ်လို့ ခန့်မှန်းနေကြတာပဲ။ ဘယ်လောက်အထိ ဆက်တက်မလဲတော့ မသိရဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ပွဲရုံမှ ဆန်ကုန်သည် ဦးမြင့်ဆွေက ပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ငါးသိန်းခွဲဝန်းကျင် တင်ပို့ထားပြီး ဆန်ကွဲတန်ချိန် ၄ သိန်း ၃ သောင်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**နန်းထက်ထက်ချစ်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**





# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

**၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ(စတုတ္ထနေ့)ကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။**

ပဒေသာကပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက် ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

### သီဆိုကပြဖျော်ဖြေ

ပဒေသာကပွဲတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များက အောင်ယိမ်း၊ ပြန်လည်ထူထောင်ရေး၊ ဗိုလ်ရှူသဘင်၊ စိန်ရတုလွတ်လပ်ရေးနေ့ယိမ်း၊ ပင်ချင်းယှက်၍ နွယ်ချင်းခက်သော် တေးသီချင်း အဆိုအကများဖြင့် လည်းကောင်း၊ မှန်လိုက်တာ ဆရာရယ် ပြဇာတ်ဖြင့်လည်းကောင်း၊ ဥမကွဲသိုက်မပျက်၊ ပန်းပန်ရင် နန်းဆန်မယ် ကျေးလက်ယိမ်း၊ သူရဲကောင်းအဓိပ္ပာယ်များ၊ ငြိမ်းချမ်းရေးပန်းခင်း၊ မနောကြည်ချိုမြဖြောစည်တိုအက၊ We are Soldier တေးသီချင်း အဆိုအကများဖြင့် လည်းကောင်း၊ မျက်လှည့်အစီအစဉ်ဖြင့် လည်းကောင်း၊ ထာဝရလွတ်လပ်ရေး၊ အောင်မြင်ပါစေ မြန်မာပြည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းပါစေ တိုင်းရင်းသားယိမ်း၊ ထာဝရသစ္စာ၊ မြန်မာ့ကြွေးကြော်သံ၊ သာတူညီမျှ တေးသီချင်း အဆိုအကများဖြင့် လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့၏ ဖျော်ဖြေမှုဖြင့် လည်းကောင်း ပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

### ဂုဏ်ပြုဆုငွေချီးမြှင့်

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် အနုပညာရှင်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်က ဂုဏ်ပြုပန်းခြင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြုဆုငွေကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဂုဏ်ပြုဆုငွေကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ ဖျော်ဖြေရေးကို ကြည့်ရှုအားပေးကြသည့် မိဘပြည်သူများက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ပဒေသာကပွဲကို ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန် ရည်ရွယ်၍ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေး ဦးစီးကော်မတီတို့က ကြီးမှူးပြီး နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ နိုဝင်ဘာ ၃၀ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များက အဆိုအကများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။





မြဝတီအငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



မှန်လိုက်တာ ဆရာရယ် ပြဇာတ် ဖျော်ဖြေတင်ဆက်စဉ်။

# ငြိမ်းချမ်းရေး သို့မဟုတ် နိုင်ငံ့အနာဂတ်ခရီးအတွက် အခြေခံလိုအပ်ချက်

ဇင်ငြိမ်း

**မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကြီး နီးကပ်လာသည်နှင့်အတူ တွေ့မြင်နေရသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ ဖြစ်ပါသည်။**

ယင်းမှာ အစဉ်အဆက် တောင်းဆိုခဲ့ကြသည့် နိုင်ငံရေးပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့်သာ ငြိမ်းချမ်းစွာဖြေရှင်းရေး ဖြစ်ပါသည်။ လက်နက်ကိုင်တိုက်ခိုက်မှုများဖြင့် နှစ်ပေါင်းများစွာကြာခဲ့သည့်တိုင် ပြေလည်မှုမရရှိခဲ့သော ဖြေရှင်းမှုနည်းလမ်းများအစား ပြည်သူလူထုအားထိခိုက်မှုမရှိစေဘဲ အထိရောက်ဆုံးဖြေရှင်းနိုင်သည့် နည်းလမ်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည်ကို NCA ဖြင့် သက်သေထူထားပြီး ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးသည့်နောက် မြန်မာနိုင်ငံရေးတွင် တစ်ကြိမ်တစ်ခါမှ မကြုံခဲ့ဖူးသော NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပါသည်။ မြန်မာ့နိုင်ငံရေး အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ အောင်မြင်ထိရောက်ရန်အတွက် မရှိမဖြစ် လိုအပ်ချက်များစွာရှိသည့်အနက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယင်းတို့ထဲမှ အဓိက ထောက်တိုင်တစ်ခုအဖြစ် တွေ့ရပါသည်။

နိုင်ငံရေးသည် စီးပွားရေးနှင့်ဆက်နွှယ်နေသကဲ့သို့ စီးပွားရေးသည်လည်း ငြိမ်းချမ်းရေးနှင့် ဆက်နွှယ်နေပါသည်။ အလားတူ ပညာရေး၊ ကျန်းမာရေးမှအစ နေ့စဉ်နေထိုင်မှု ဘဝများအားလုံးသည် ယင်းအပြန်အလှန်ဆက်နွှယ်မှုများထဲ ပါဝင်နေပါသည်။ ငြိမ်းချမ်းမှုမရှိဘဲ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးရရှိရန် ခက်ခဲသည်မှာ မြန်မာနိုင်ငံတွင်သာ ဖြစ်နေသည်မဟုတ်၊ ကမ္ဘာပေါ်ရှိသည့် မငြိမ်းချမ်းသည့် နိုင်ငံများ၊ ဒေသများမှာ ငြိမ်းချမ်းသည့်နိုင်ငံများ၊ ဒေသများထက် အရာရာ နောက်ကျနေကြပါသည်။ ယင်းမှာ မငြိမ်းချမ်းမှုကြောင့် ဖြစ်လာသည့် အကျိုးဆက်များ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ထိုငြိမ်းချမ်းရေး လိုအပ်နေပါသည်။ ငြိမ်းချမ်းရေးအတွက် ဆက်လက်လုပ်ဆောင်ကြရမည့်လုပ်ငန်းစဉ်များ ကျန်ရှိနေပါသေးသည်။ လျှောက်လှမ်းနေဆဲ ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ခိုင်မာသော နိုင်ငံတော်တည်ဆောက်ရေး ပန်းတိုင်အထိ ခရီးဆက်ကြရပါဦးမည်။ ယင်း၏သဘောမှာ NCA သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုဆိုသည်ထက် နိုင်ငံ၏ရှိနေဆဲ နိုင်ငံရေးပဋိပက္ခများကို ဖြေရှင်းရမည့် နက်နဲကျယ်ပြန့်သော နိုင်ငံရေးလုပ်ငန်းစဉ်ဟု ဆိုပါကလည်း မှားနိုင်မည်မဟုတ်ပါ။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသည့်တိုင် ငြိမ်းချမ်းရေးရည်မှန်းချက်မပျောက်ဘဲ ဆက်လက်အကောင်အထည်ဖော်ကြရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

ယနေ့ရရှိပြီးသော NCA သဘောတူစာချုပ်သည် လွယ်လွယ်ကူကူ ရလာခဲ့သည်တော့ မဟုတ်ပါ။ ၂၀၁၁ ခုနှစ် နိုင်ငံ၏အသွင်ကူးပြောင်းမှုစတင်သည်နှင့် ဦးစားပေးလုပ်ဆောင်ခဲ့သည့် လုပ်ငန်းတစ်ခုမှာ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုဖြစ်ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ မဖြေရှင်းနိုင်သေးသည့် လက်နက်ကိုင်တိုက်ခိုက်မှုများရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ နိုင်ငံတည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့်အတူ စတင်ခဲ့သည်ကို တွေ့ရပါသည်။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့က တိုင်းရင်းသားအဖွဲ့များအားလုံးအား ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ကြေညာချက်အမှတ် ၁/၂၀၁၁ ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်မှာ NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစခရီးဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုသမိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးနီးပါး ပါဝင်ဆွေးနွေး၍ ပဋိပက္ခများ၏ အရင်းခံအကြောင်းတရားများကို ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံအနာဂတ်တည်ဆောက်ရေးအတွက် ဦးစွာ လမ်းစပျိုးနိုင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် NCA သဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၈ ဖွဲ့နှင့် ဦးစွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး မပါဝင်နိုင်သည့်တိုင် တာထွက်ကောင်းမွန်သည့် ရလဒ်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့ဖြင့်သာ လက်မှတ်ရေးထိုးနိုင်သည်ဆိုသော်လည်း ကာလကြာမြင့်နေသည့် ပဋိပက္ခဖြစ်ပွားခဲ့သည့် အချိန်ကာလ၊ နက်နဲကျယ်ပြန့်သော နိုင်ငံရေးမတူကွဲပြားမှု၊ ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုနှင့် ကိုယ်ကျိုးစီးပွားစွက်ဖက်မှုစသည့် စိန်ခေါ်မှုများကြားတွင် အချိန်တိုအတွင်း မှန်ကန်သော ငြိမ်းချမ်းရေး ခြေလှမ်းစတင်နိုင်ခြင်း ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများပြားသည့် မြန်မာ့နိုင်ငံရေးပဋိပက္ခများသည် နက်နဲရှုပ်ထွေးလှပါသည်။ နယ်ချဲ့တို့၏ စနစ်တကျ သွေးခွဲခဲ့မှုတို့သည်လည်း ယနေ့ထက်တိုင် အရိပ်မည်းထိုးနေဆဲတွေ့ရပါသည်။ ယှဉ်ပြိုင်မှုပြင်းထန်၍ ကမ္ဘာလုံးလွှမ်းခြုံနေသည့် အချိန်အခါနှင့် အခြေအနေများတွင် အများနည်းတူ တိုးတက်ရန်ဆိုပါက အတိတ်ကို တရားသေဖက်တွယ်ထားမှုများကို လျှော့ချကြရမည် ဖြစ်ပါသည်။ သို့မှသာ ပြောင်းလဲမှုနှင့်တိုးတက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင်လည်း အတိတ်အပေါ် ဖက်တွယ်ထားမှုများ၊ တရားသေရပ်တည်ချက်များကြောင့် ပြောင်းလဲမှုနှင့်တိုးတက်မှုကို ထိခိုက်စေနိုင်သည်ကို သတိပြုကြရပါမည်။

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆွေးနွေးညှိနှိုင်းရန်များ ကျန်ရှိနေဆဲဖြစ်သည်ကို အားလုံးကလက်ခံထားကြပါသည်။ မိုင်ပေါင်းများစွာခရီးကို ခြေလှမ်းတစ်လှမ်းဖြင့် စတင်သည်ဆိုသည့် စကားကဲ့သို့ ဖြစ်ပါသည်။ စတင်လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးလမ်းစများအပေါ် အပျက်သဘောမြင်နေခြင်းထက် အပြုသဘောဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ငြိမ်းချမ်းရေးခရီးကို ပိုမိုထိရောက်စေနိုင်မည်ဖြစ်သည်။

ပဋိပက္ခများဖြင့် သံသရာလည်နေသည့် နိုင်ငံတိုင်းအတွက် ငြိမ်းချမ်းရေးခရီးမှာ အခက်အခဲအကျပ်အတည်းများ ရှိကြစမြဲဖြစ်သည်။ ပါဝင်ပတ်သက်သူအားလုံး၏ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားသည့်ဆန္ဒ၊ နည်းလမ်းမှန်ကန်မှု၊ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှု၊ တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုများရှိမှသာ ငြိမ်းချမ်းရေးလိုရာခရီးပေါက်မည် ဖြစ်သည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံရေး၏အစိတ်အပိုင်းဖြစ်သော်လည်း နိုင်ငံရေး၏ လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်ရပါသည်။ သို့မှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည် ဖြစ်သည်။

ထိုသို့မဟုတ်ပါက ပဋိပက္ခများကြောင့် နိုင်ငံနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နောက်ကျနေမည်ဖြစ်ပြီး ဘဝမလုံခြုံမှု၊ ဆင်းရဲမှုစသည့် အကျိုးဆက်များနှင့် ရင်ဆိုင်ကြရမည် ဖြစ်ပါသည်။ ပဋိပက္ခများနှင့် ယင်း၏အကျိုးဆက်များသည် အပြန်အလှန်တွန်းအားပေးတတ်ကြသည်ဖြစ်ရာ ပဋိပက္ခများနှင့် ယင်း၏ အကျိုးဆက်များ သံသရာမှ ထွက်ပေါက်မှာ ငြိမ်းချမ်းရေးဖြစ်ပါသည်။

မည်သည့်အကြောင်းကြောင့် ပဋိပက္ခများဖြစ်ပွားသည်ဖြစ်စေ ယင်း၏အကျိုးဆက်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လူတိုင်းက ခံစားကြရပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ရှိနေသည့်ဒေသများတွင် ပဋိပက္ခများ၏အကျိုးဆက်များကို ယင်းဒေသမှပြည်သူများ တိုက်ရိုက်ခံစားနေကြပြီး ကျန်ပြည်သူများမှာ သွယ်ဝိုက်၍ ခံစားနေကြရပါသည်။

လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီးဖြစ်စေရုံသာမက ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ခက်ခဲစေပါသည်။ ပဋိပက္ခများကြောင့် စီးပွားရေးကျဆင်းစေပြီး ဆင်းရဲမှုနှုန်းမြင့်တက်စေပါသည်။ ယင်းအခြေအနေသည် ရှိရင်းစွဲပဋိပက္ခများကို သံသရာလည်စေသည့်အပြင် ပဋိပက္ခအသစ်များကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

**❖ ပဋိပက္ခများဖြင့် သံသရာလည်နေသည့် နိုင်ငံတိုင်းအတွက် ငြိမ်းချမ်းရေးခရီးမှာ အခက်အခဲအကျပ်အတည်းများ ရှိကြစမြဲဖြစ်သည်။ ပါဝင်ပတ်သက်သူအားလုံး၏ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားသည့်ဆန္ဒ၊ နည်းလမ်းမှန်ကန်မှု၊ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှု၊ တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုများရှိမှသာ ငြိမ်းချမ်းရေးလိုရာခရီးပေါက်မည် ဖြစ်သည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံရေး၏အစိတ်အပိုင်းဖြစ်သော်လည်း နိုင်ငံရေး၏ လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်ရပါသည်။ သို့မှသာ အနာဂတ်နိုင်ငံ တည်ဆောက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။**

ယနေ့ကမ္ဘာတစ်လွှားတွင် ပဋိပက္ခများ၊ တင်းမာမှုများနှင့် စစ်ပွဲများကြောင့် စွမ်းအင်ပြတ်လပ်ခြင်း၊ စွမ်းအင်ဈေးနှုန်းမြင့်တက်ခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ငွေကြေးဖောင်းပွခြင်းများ ရင်ဆိုင်နေကြရသည်။ စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်နေပါသည်။ ယင်းအကျိုးဆက်မှာ နိုင်ငံတကာသို့ ရိုက်ခတ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ရေးရာများ၏ဂယက်များ သက်ရောက်လျက်ရှိပါသည်။ ယင်းအခြေအနေသည် မည်မျှကြာမြင့်၍ မည်သည့်အတိုင်းအတာအထိ ကြီးမားကျယ်ပြန့်မည်ကို ခန့်မှန်းရန် ခက်ခဲသည့် အခြေအနေ ဖြစ်သည်။ ထိုသို့သောအချိန်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးများ ပြေလည်ရေး၊ ငြိမ်းချမ်းရေးနှင့် အတူတကွ လက်တွဲကြ၍ ပြည်သူလူထုတစ်ရပ်လုံးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည့် အချိန် ဖြစ်ပါသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီက ယခုအချိန်သည် စစ်ပွဲများ ဖြစ်ပွားရမည့် အချိန်မဟုတ်ကြောင်း (Now is not the time for war) ဟု ပြောကြားခဲ့ပါသည်။ စစ်ပွဲထက် အရေးကြီးဆောင်ရွက်ရန်များ ရှိနေသည့် သဘောဟု နားလည်မိပါသည်။ ထို့အတူ မြန်မာနိုင်ငံ၏ရှေ့ခရီးအတွက် ငြိမ်းချမ်းရေးလိုအပ်ပါသည်။ ယခင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခ စက်ဝန်းအတွင်းမှ ရုန်းထွက်နိုင်သည့်ထွက်ပေါက်ကို ဆန္ဒစွဲကင်းကင်းဖြင့် ရွေးချယ်နိုင်ရန် အရေးကြီးပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်ရသည့် အခြေခံရည်ရွယ်ချက်မှာ ပဋိပက္ခဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း အကြမ်းဖက်မှုများ ဖြစ်ပွားခြင်း၊ တိုးမြင့်လာခြင်း၊ ရေရှည်ဖြစ်ပွားခြင်းနှင့် အကြမ်းဖက်မှု သံသရာလည်နေခြင်းတို့ကို ကာကွယ်ရန်ဖြစ်ပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် တစ်ဖက်နှင့်တစ်ဖက် စိတ်သဘောထားများ၊

*စာမျက်နှာ ၇ သို့*

# ပဉ္စမအကြိမ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၂၂ ခုနှစ် ပဉ္စမအကြိမ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ကွန်ဂရက် (5th MFF Congress 2022) ကို နိုဝင်ဘာ ၂၉ ရက်က Video Conferencing ဖြင့် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ Salman bin Ibrahim Al Khalifa နှင့် တာဝန်ရှိသူများ၊ အာဆီယံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Wiston Lee၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းတာဝန်ရှိသူများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ပေါင်း ၂၃၃ မြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးသည်။

ပဉ္စမအကြိမ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ညီလာခံတွင် ရှေးဦးစွာ တက်ရောက်လာသော အဖွဲ့အစည်းများစာရင်း ကြေညာပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ၂၀၂၂ ခုနှစ် လှုပ်ရှားမှုများအား Video Clip ဖြင့် ပြသသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံက အဖွင့်မိန့်ခွန်း ပြောကြားသည်။ ဆက်လက်၍ အာရှဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ Salman bin Ibrahim Al Khalifa မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ပဉ္စမအကြိမ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ညီလာခံအခမ်းအနားအား အစီအစဉ်များအတိုင်း ဆက်လက်ပြုလုပ်ခဲ့သည်။

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညီလာခံ အခမ်းအနားသို့ မဲပေးခွင့်ရှိသူ ၂၆၄ ဦးအနက် ၂၃၃ ဦး တက်ရောက်ခဲ့သဖြင့် အခမ်းအနား အစီအစဉ် အတည်ပြုကြောင်း ကြေညာပြီး အွန်လိုင်းမှ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် မဲရေတွက်ခြင်းများအတွက် ကိုယ်စားလှယ်များမှ ရွေးချယ်ထားသည့် ကြီးကြပ်သူ အဖွဲ့ဝင် သုံးဦးအဖြစ် ကျိုက်မရောမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောထူးလေး၊ ရှမ်းယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးရဲမျိုးထွန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်စွာမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ညီလာခံ၏ တရားဝင်မှတ်တမ်းများအတွက် ကိုယ်စားလှယ်များ ရွေးချယ်ထားသည့် စစ်ဆေးမည့် အဖွဲ့ဝင် သုံးဦးအဖြစ် မင်းဘူးမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ သီပေါမြို့နယ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအုန်းလွင်၊ ကျုံပျော်မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မင်းထွန်းတို့ကို မဲပေးခွင့်ရှိသူ ၂၆၄ ဦးအနက် ၂၃၃ဦးက သဘောတူညီခဲ့သောကြောင့် ရွေးချယ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးနှင့် စျေးကွက်ရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ဘဏ္ဍာရေး အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏၂၀၂၂ ဘဏ္ဍာရေးနှစ် ရငွေ/သုံးငွေနှင့် လက်ကျန်စာရင်းတင်ပြရာတွင် မဲပေးခွင့်ရှိသူ ၂၆၄ဦးအနက် ၂၃၃ဦးက သဘောတူထောက်ခံခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းများ ပြင်ဆင်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းစိန်က Video Clip ဖြင့် ရှင်းလင်းတင်ပြရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်း စည်းကမ်းများ ပြင်ဆင်ခြင်းများကို ၂၀၂၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့မှ ပေးပို့လာသော လမ်းညွှန်ချက်များအတိုင်း ပြုလုပ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်း စည်းကမ်းထဲရှိ အပိုဒ်ခွဲ ၃၇ ဒသမ ၂ တွင် ပါရှိသော အားကစားနှင့် လူငယ်ရေးရာ၊ ကျန်းမာရေး၊ ပညာရေးဝန်ကြီးဌာနဆိုင်ရာများမှ အလုပ်အမှုဆောင်ကော်မတီဝင် သုံးဦးအား အလုပ်အမှုဆောင် အဖွဲ့ဝင်အကြံပေးအဖြစ် ပြောင်းလဲပြင်ဆင်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းထဲရှိ အပိုဒ်ခွဲ ၃၇ ဒသမ ၃ တွင်ပါရှိသော တိုင်းနှင့် ပြည်နယ်များမှ အလုပ်အမှုဆောင်ကော်မတီဝင် ခြောက်ဦးအား အထက်မြန်မာပြည်မှ သုံးဦး၊ အောက်မြန်မာပြည်မှ သုံးဦးဖြင့် ရွေးချယ်မှုကို ထည့်သွင်းပြင်ဆင်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံစည်းမျဉ်း စည်းကမ်းထဲရှိ အပိုဒ်ခွဲ ၃၇ ဒသမ ၅ တွင်ပါရှိသော ဥက္ကဋ္ဌသက်တမ်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌသက်တမ်းသည် တစ်ကြိမ်လျှင် လေးနှစ်၊ စုစုပေါင်း ၁၂ နှစ်ဖြစ်ပြီး ဥက္ကဋ္ဌ ရာထူးနေရာသည် အများဆုံး ၁၂ နှစ်သာ တာဝန်ယူဆောင်ရွက်ရန်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ အမြဲတမ်း ညွှန်ကြားချက်နှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် ဥပဒေစည်းမျဉ်းများအား ပြုပြင်ပြောင်းလဲရန် အဆိုပြုခြင်း၊ အတည်ပြုခြင်းများပြုလုပ်ခြင်းကို မဲပေးခွင့်ရှိသူ ၂၆၄ဦး အနက် ၂၃၃ ဦးက သဘောတူထောက်ခံခဲ့သည်။ ထို့နောက် စာရင်းပိုင်းဆိုင်ရာ စစ်ဆေးရန်နှင့် အတည်ပြုပေးရန် မှတ်ပုံတင်စာရင်းကိုင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဦးဝမ်တင်အား ခန့်အပ်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကိုညီလေး**

# ဒေသထွက်ကုန် ဝါးများဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်သွားကြစေလို

**ဥတ္တရသီရိ နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF)မှ ကြီးမှူးဖွင့်လှစ်သည့် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကျေးလက်နေ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး ရည်ရွယ်၍ အခြေခံဝါးလက်မှုပညာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ဥတ္တရသီရိမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစမ်းစမ်းအေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF) ဥက္ကဋ္ဌ ဒေါ်သူဇာဝေက ကျေးလက်နေ အမျိုးသမီးများ တစ်ပိုင် တစ်နိုင် စီးပွားရေးလုပ်ငန်းဖြင့် မိသားစုဝင်ငွေရရှိစေရန်အတွက် သင်တန်းကာလအတွင်း ခဲတံ၊ ဘောပင်ထည့်ခွက် ပြုလုပ်နည်းကို ပထမဆုံး သင်ကြားပေးခဲ့ပြီး အပူခံပြား၊ ရက်ထည် ကော်ပန်းအိုး၊ တစ်ရှူးဘောက်၊ ခတ်ပုံပေါင် ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့တစ်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ပြီး မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလို ဒေသထွက်ကုန် ဝါးများဖြင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF)ဥက္ကဋ္ဌ ဒေါ်သူဇာဝေက အခြေခံဝါးလက်မှုပညာ သင်ကြားပေးသည့် သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အခြေခံဝါးလက်မှုပညာ ရက်တိုသင်တန်း တက်ရောက်အောင်မြင်ခဲ့သည့် သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက သင်တန်းသူများ ပြုလုပ်ထားသည့် အခြေခံ လူသုံးကုန် ဝါးလက်မှုပစ္စည်းများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကျော်စွာဟိန်း(ပြန်/ဆက်)**

# လတ်တလော ပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆွေးနွေးပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၉**

လတ်တလော ပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းဆွေးနွေးပွဲနှင့် ကျန်းမာရေးဝန်ထမ်းများ နေ့လယ်စာမိတ်ဆုံစားပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးများ၊ တိုင်းဒေသကြီးအတွင်းရှိ သမားတော်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်ပြည်သူ့ကျန်းမားရေးဦးစီးဌာနမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာနီနီလှိုင်က လတ်တလောပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ၊ သတင်းပေးပို့ပုံစံများ၊ ဓာတ်ခွဲစစ်ဆေးခြင်းများ၊ ရည်မှန်းဦးရေနှင့်ရှာဖွေနိုင်မှု၊ ပိုလီယိုကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာ အခမ်းအနား တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ လတ်တလောပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆွေးနွေးပွဲအား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လတ်တလောပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းနှင့်ပတ်သက်၍ သတ်မှတ်လျာထားချက်များ ပြည့်မီစေရန်၊ ဓာတ်ခွဲနမူနာများ စနစ်တကျအချိန်မီရယူပေးပို့စေရန်နှင့် သတင်းပေးပို့မှုစနစ်များ ပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

*စာမျက်နှာ ၆ မှ*

အပြုအမူများ၊ စံနှုန်းများနှင့် အင်စတီကျူးရှင်း ပြောင်းလဲမှုများ ပါဝင်သဖြင့် ရေရှည်ဆောင်ရွက်ကြရပြီး ပူးပေါင်းဆောင်ရွက်ကြမှုလည်း လိုအပ်ပါသည်။

ယနေ့အထိ ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့သာ ပါဝင်လက်မှတ်ရေးထိုးနိုင်သေးသဖြင့် ပြီးပြည့်စုံသော ငြိမ်းချမ်းရေးဖြစ်ရန် ဆက်လက်လုပ်ဆောင်ကြရပါဦးမည်။ ထိုအချိန်တွင် ငြိမ်းချမ်းရေးလမ်းကြောင်း မလွဲချော်စေရေးမှာ အရေးကြီးလှပါသည်။ ငြိမ်းချမ်းရေးသို့ ဦးတည်ရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ အဆင့်ဆင့် ရှိသည့်အနက် ဦးစွာလိုအပ်သည်မှာ တွေ့ဆုံဆွေးနွေးမှုဖြစ်သည်။

ယင်းမှာ မိုင်ပေါင်းများစွာခရီးကို သွားရောက်ရန်အတွက် ပထမဦးဆုံး ခြေလှမ်းဖြစ်ပါသည်။ ဦးဆုံးခြေတစ်လှမ်း မလှမ်းဘဲနှင့် မိုင်ပေါင်းများစွာခရီးကို မည်သို့မျှစတင်နိုင်မည် မဟုတ်ချေ။ အလားတူပင် မတူညီမှုများနှင့် ကွဲလွဲမှုများကို တွေ့ဆုံဆွေးနွေးမှသာ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်နှင့် သဘောထားများကို သိနိုင်မည်ဖြစ်ပြီး အပြန်အလှန် ပေါင်းစပ်အဖြေရှာနိုင်မည်ဖြစ်သည်။ သို့မှသာ မြန်မာ့နိုင်ငံရေး အနာဂတ်ခရီးနှင့် နိုင်ငံတည်ဆောက်ရေးတွင် ငြိမ်းချမ်းရေးနည်းလမ်းဖြင့် သူနိုင်ကိုယ်နိုင် အခြေအနေကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။

# အမိနိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့်မြှင့်တင်နိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့လက်ရွေးစင်အားကစားမောင်မယ်များဖြစ်လာအောင် အထူးကြိုးစား

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ သွားရောက်မယှဉ်ပြိုင်မီ သိရှိထားသင့်သည့် တားမြစ်ဆေးဝါး၊ အားကစားစိတ်ပညာနှင့် စပ်လျဉ်းသော အသိပညာများရရှိလာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ အားကစားသမား ကော်မတီက "Stronger Together" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နောင်လာမည့် ပြည်တွင်း ဖိတ်ခေါ်ပြိုင်ပွဲများ၊ အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့အဆင့် အားကစား ပြိုင်ပွဲများတွင် အကောင်းဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အမိနိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့လက်ရွေးစင် အားကစားမောင်မယ်များဖြစ်လာအောင် အထူးကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲ အစီအစဉ်အရ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ အားကစားသမား ကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက အားကစားကော်မတီလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက အားကစားသမားဘဝအပြီး ဘဝရည်မှန်းချက် ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထားဝယ်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ ဒေါက်တာ မေလွင်ငြိမ်းက အားကစား စိတ်ပညာဆိုင်ရာ လေ့ကျင့်ရေးနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်နိုင်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အားကစားဆေးဘက်ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေက တားမြစ်ဆေးဝါးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ အားကစားသမား ကော်မတီ အတွင်းရေးမှူး ဒေါ်စိုးစိုးမြဲက အားကစား ကော်မတီ၏ စည်းမျဉ်းပါ အားကစားသမားတစ်ဦး၏ တာဝန်များ၊ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဟောပြောဆွေးနွေးပို့ချကြပြီး ညွှန်ကြားရေးမှူးချုပ်များက အားကစားကဏ္ဍနှင့်ပတ်သက်ပြီး အားကစားသမားများ သိသင့်သိထိုက်သည်များကို သိရှိနားလည်စေရန်နှင့် အသိပညာများတိုးပွားစေရန် ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အုပ်စု ၁၀ ဖွဲ့ခွဲ၍ Guiding Questions များကို အဖွဲ့ကိုယ်စားလှယ်များက ဆွေးနွေး တင်ပြမှုများအပေါ် အားကစားသမား ကော်မတီ အတွင်းရေးမှူး ဒေါ်စိုးစိုးမြဲက အနှစ်ချုပ် ပြန်လည်ရှင်းလင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပွဲတွင် ဟောပြော ပို့ချပေးသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ အားကစားသမားများမှ တင်ပြဆွေးနွေးခဲ့သော အကြောင်းအရာများအနက်မှ ဖြစ်သင့်ဖြစ်ထိုက်သည့် အချက်အလက်များကို အမြန်ဆုံး ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

၂၀၂၃ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိရေးကို မျှော်မှန်း၍ ယခုဆွေးနွေးပွဲကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားသမားကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် အကောင်အထည်ဖော်ခဲ့သည့် သိုလှောင်ရုံနှင့် အသိပညာပေးစင်တာဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် အကောင်အထည်ဖော်ခဲ့သည့် ပင်းတယမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန သိုလှောင်ရုံနှင့် အသိပညာပေးစင်တာ ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ပင်းတယမြို့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာဇမ်ဇီဟုမ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က သိုလှောင်ရုံနှင့် အသိပညာပေးစင်တာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီးနှင့် မဲခေါင်-လန်ချန်း ပူပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ဒုတိယဥက္ကဋ္ဌတို့က မြို့နယ် သိုလှောင်ရုံနှင့် အသိပညာပေး စင်တာရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများက ကမ္ပည်းမှတ်တမ်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးကြီး ဒေါက်တာဇမ်ဇီဟုမ်တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြပြီး ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် အဖွဲ့ဝင်များသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော ပင်းတယမြို့ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြရာ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူးနှင့် တာဝန်ခံကျောင်းအုပ်တို့က ကလေး၁၀၀ အားလက်ခံသင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဆင်ကျလမ်း ဖောက်လုပ်မှု ၆၀ ရာခိုင်နှုန်းပြီးစီး



အမှတ်(၁) ဆင်ကျလမ်း ပြီးစီးမှုကို တွေ့ရစဉ်။

**တောင်တွင်းကြီး နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၂၀ ဒသမ ၀၃၇ သန်းဖြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဆင်ကျလမ်း ဖောက်လုပ်မှုမှာ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ဆင်ကျလမ်းမှာ အရှည် လေးမိုင် တစ်ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ရှစ်လက်မဖြစ်ပြီး မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်ခိုင်ခိုင်ထွေးထံမှ သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့နှင့် ဟားခါးမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၀ ဒသမ ၈၇ လက်မ၊ စစ်တွေမြို့တွင် ၀ ဒသမ ၆၃ လက်မ၊ မောင်တောမြို့နှင့် ရသေ့တောင်မြို့တို့တွင် ၀ ဒသမ ၃၉ လက်မစီ၊ မာန်အောင်မြို့တွင် ၀ ဒသမ ၃၁ လက်မနှင့် ဘိုကလေးမြို့တွင် ၀ ဒသမ ၂၅ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးတွင် (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၂၉**

(၇၅) နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်း၊ နိုင်ငံတော် အလံအလေးပြုခြင်းနှင့် သဝဏ်လွှာ ဖတ်ကြားသည့်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးတွင် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပရာ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ (၈) ခုမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားရာ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားကို တိုင်းဒေသကြီးတွင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းကော်မတီ (၈)ခုမှတာဝန်ရှိသူများသည် ကော်မတီအလိုက် ဆောင်ရွက်မည့် အစီအစဉ်များနှင့်လိုအပ်ချက်များကို ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်သွားရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ (၈)ခုဖြစ်သည့် နိုင်ငံတော်အလံတင်ခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကျင်းပရေးကော်မတီ၊ အခမ်းအနား မွမ်းမံပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုံခြုံရေးအထူးဂရုပြု ဆောင်ရွက်သွားကြရန်နှင့် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းကော်မတီများက ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် နိဂုံးချုပ်စကား ပြောကြားသည်။

၎င်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်ပြသမည့် ပြခန်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။




အခမ်းအနားသို့ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ YMBA အသင်းမှတာဝန်ရှိသူများ၊ အရန်မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့်ဖိတ်ကြားထားသူများတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ထောက်ပံ့ကူညီ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် Hpa-an Silk Factory Soap ပိုးချည်မျှင်လုပ်ငန်း **(အပေါ်ယာပုံ)**နှင့် ယားအူးရေချိုကရင်ငါးပိလုပ်ငန်းများကို သွားရောက် ကြည့်ရှုအားပေးသည်။



ပြည်နယ်ဝန်ကြီးချုပ် သည် တာဝန်ရှိသူများနှင့်အတူ နံနက်ပိုင်းတွင် ဘားအံမြို့ ဘီးရှော့လမ်းရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသော Hpa-an Silk Factory Soap ပိုးချည်မျှင်လုပ်ငန်းသို့ ရောက်ရှိပြီး ပိုးအိမ်များမှ ပိုးချည်ထုတ်လုပ်မှု၊ ပိုးဂွမ်းလက်ကျစ်ချည်ထုတ်လုပ်မှုနှင့် ဆပ်ပြာထုတ်လုပ်မှုအခြေအနေများနှင့် ဘားအံမြို့ မြို့တော်ဦးလမ်းရှိ ယားအူးရေချိုကရင်ငါးပိ မိသားစုတစ်ပိုင်တစ်နိုင် ထုပ်ပိုးရောင်းချရေးလုပ်ငန်းသို့ သွားရောက်ပြီး ကုန်ကြမ်းနှင့် ဈေးကွက်ရရှိမှု၊ အဆင့်မီပြင်ဆင်ထုပ်ပိုးမှု၊ online မှတစ်ဆင့် နိုင်ငံတကာသို့ တင်ပို့ရောင်းချမှု အခြေအနေများကို သွားရောက်ကြည့်ရှု အားပေးပြီး လုပ်ငန်း ချဲ့ထွင်လုပ်ကိုင်နိုင်ရေးနှင့် လိုအပ်သည်များ ထောက်ပံ့ပေးနိုင်ရေး ဆွေးနွေးကာ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး SME ချေးငွေများကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားတင်ပြနိုင်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နွေစပါး၊ ပဲတီစိမ်းနှင့် ဆီထွက်သီးနှံ စိုက်ပျိုးသူများကို အဓိကထား ထုတ်ချေးပေးခဲ့ပြီး ထပ်မံ ထုတ်ချေးလိုသူများကို ကွင်းဆင်းစိစစ်ပြီး ထုတ်ချေးပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဆက်လက်ထုတ်ချေးပေးနိုင်ရေး မြေပြင်ကွင်းဆင်းစိစစ်မှု၊ ချေးငွေဖြင့် သီးနှံများ စိုက်ပျိုးပြီးစီးမှုနှင့် မြစိမ်းရောင် သင်တန်းပို့ချပေးနိုင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်အဆင့် ဌာနဆိုင်ရာများက ခရိုင်အလိုက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ ရယူ၍ သီးနှံစိုက်ပျိုးပြီးစီးမှု၊ ချေးငွေထုတ်ချေးပြီးစီးမှု၊ ချေးငွေရယူရန် ဆက်လက်တင်ပြတောင်းခံမှု၊ ချေးငွေဖြင့် စိုက်ပျိုးမွေးမြူပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်နှင့်ငွေလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး၊ စာအုပ်နှင့် ငွေလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိမြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**လှူဒါန်းလျက်ရှိ**

အစီအစဉ် ပထမပိုင်းတွင် စာအုပ်နှင့် ငွေလှူဒါန်းပွဲ ပြုလုပ်ရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ စာအုပ်နှင့်ငွေများ လှူဒါန်းပေးသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ကျေးရွာ၊ ရပ်ကွက်၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များဖြန့်ဝေပေးလျက်ရှိပါကြောင်း ဖောင်ဒေးရှင်းအနေဖြင့် စာအုပ်များ ဝယ်ယူပြီး ထောက်ပံ့ပေးသကဲ့သို့အလှူရှင်များက လှူဒါန်းသည့်စာအုပ်များကိုလည်း ပေးပို့လှူဒါန်းလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အလှူရှင်များ တိုးပွားလာရေးအတွက် ဆက်လက် စည်းရုံးဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များ ဖြစ်ကြသော ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး၊ မြောင်းမြ)၊ တက္ကသိုလ်စိုးယဉ် (ရဲဘော်စိုးဝင်း၊ လှိုင်)၊ ထားဝယ်မြို့နယ် အသင်းနာယက ဦးစိုးမြင့် (စိုးမှူး) နှင့် စာရေးဆရာ မြင်းမူမောင်နိုင်မိုးတို့က စာအုပ်များနှင့် ငွေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စာအုပ်များ လှူဒါန်းကြရာ (မောင်ရင့်ကျူး၊ မြောင်းမြ)က တန်ဖိုးငွေကျပ်ကိုးသိန်းရှိ ပါရမီဖြည့်ဖက်စာအုပ် အုပ်ရေ ၂၀၀ ကိုလည်းကောင်း၊ တက္ကသိုလ်စိုးယဉ် (ရဲဘော်စိုးဝင်း၊ လှိုင်) က တန်ဖိုးငွေကျပ် ၂၄၅၀၀၀၀ ရှိ ဇာနည်သွေး ကလေးကဗျာများ အုပ်ရေ ၇၀၀ ကိုလည်းကောင်း၊ ထားဝယ်မြို့နယ်အသင်း နာယက ဦးစိုးမြင့် (စိုးမှူး) က တန်ဖိုးငွေကျပ် လေးသိန်းရှိ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ထားဝယ်အသင်း မဂ္ဂဇင်းအုပ် ၁၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းက တန်ဖိုးငွေကျပ် သုံးသိန်းရှိ ဇေယျာစာပေဘဏ်တိုက် မဂ္ဂဇင်း အမှတ် (၃) နှင့် (၄) အုပ်ရေ ၁၀၀ ကိုလည်းကောင်း၊ ဆရာမကြီး ဒေါ်မြမြလေး (ပညာမြေကိုယ်ပိုင် အထက်တန်းကျောင်း၊ မော်လမြိုင်) က လှူဒါန်းသည့် ငွေကျပ် နှစ်သိန်းကို ဆရာမကြီးကိုယ်စား ရုံးအဖွဲ့မှူးက လည်းကောင်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

**ဆွေးနွေးညှိနှိုင်း**

ယနေ့လှူဒါန်းမှုတွင် စာအုပ် ၁၁၀၀ ၊ တန်ဖိုးငွေကျပ် ၄၀၅၀၀၀၀ နှင့် အလှူငွေကျပ် နှစ်သိန်းဖြစ်ပြီး ဒုတိယပိုင်း အစီအစဉ်အဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ပြုလုပ်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်းရှိ ဆွမ်း/ကွမ်း ခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ရဟန်း၊ သံဃာ၊ သာမဏေများအတွက် ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေဖြူမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဝန်ထမ်းများက ရေဖြူမြို့နယ် (ခ) ရပ်ကွက် သဒ္ဒါလမ်း ဓမ္မာမက ဘုန်းတော်ကြီးကျောင်းသို့ ဆန်ငါးအိတ်၊ ဆီ ၁၅ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာ စသည့်လှူဒါန်းထောက်ပံ့ပစ္စည်းများအား ကျောင်းထိုင်ဆရာတော်ထံသို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၉**




ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရပရိယတ္တိ စာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိပဏ္ဍိတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ပါဠိကာရီပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ သာသနာ့ဝန်ဆောင်မြို့ဦးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မကွေးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိရွှေရတနာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ သုစိတ္တာရုံကျောင်းတိုက်နှင့် မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေပြည်အေးဝိပဿနာဓမ္မရိပ်သာတို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ် သုံးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀မြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြစ်ကြီးနားမြို့၌ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်များ ရောင်းချပေးစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စက်သုံးဆီ၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က မြိတ်မြို့နယ်အတွင်း တရားဝင်တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် စားသုံးဆီ လီတာ ၇၂၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၅၀၀၀၀)ကိုလည်းကောင်း၊ မြိတ်-ထားဝယ် ကားလမ်းပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၀၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီဂါလန် ၂၀၀ နှင့် ရေနံဂါလန် ၃၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၈၀၀၀) နှင့် အဆိုပါ စက်သုံးဆီနှင့်ရေနံများ တင်ဆောင်လာသည့် သုံးဘီးဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၈ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ရတနာထွန်းပွဲရုံတန်းများအတွင်း တရားဝင် တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ၂၉၄၂၆ လီတာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၃၃၁၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၈ ရက်တွင် မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် Softener ကီလိုဂရမ် ၂၄၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ၊ Softener နှင့် ကော်ဘိလပ်မြေအိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၄၃၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၃၃၅၀ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၈၃၆၅၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၃၂၆၆၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ပေသောင်ရွာလူသတ်မှု”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပုလောမြို့နယ်၊ ပလမြို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား သေနတ်ပြ ခြိမ်းခြောက်ပြီး ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ကာ နေအိမ်အား မိုင်းခွဲဖျက်ဆီးမှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**သတင်းစဉ်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံကျေးရွာ ဂျာနယ် ထွက်ရှိ



၁-၁၂-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၂၃)တွင်
- ပိုးမွှားဖျက်ဆီးမှုကြောင့် သီးနှံအထွက်အပေါ် အကျိုးသက်ရောက်မှု
- ဆီးပင်စိုက်၍ ပျားမွေးပါ
- မြန်မာ့လက်ဖက် တိုးတက်အောင်မြင်စေရေး ဆောင်ရွက်သင့်သည့်နည်းလမ်းများ
- ဆီထွက်သီးနှံနေကြာ စိုက်ပျိုးရေးအကြောင်း တစေ့တစောင်း
- ကျောက်ဆည်မြို့နယ် ကလေးကျေးရွာတွင် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း
- အင်းငါး သို့မဟုတ် ရေချိုငါးများ မပြုန်းတီးစေရန်
- ရာသီအကူးအပြောင်းနှင့် မပေါ့ဆသင့်သော ရာသီတုပ်ကွေးအကြောင်း
- စနစ်တကျ တစ်နိုင်ဆိတ်မွေးမြူရေးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

# SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေး ကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေး ပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#**၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများအဖွဲ့ သံတွဲဆေးရုံ၌ အခမဲ့လာရောက်ဆေးကုသ

**သံတွဲ နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့မှ ပါမောက္ခဌာနမှူး (ငြိမ်း) သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာစောကလယ်ခူ ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ခရိုင်ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၌ သားဖွားမီးယပ်နှင့် ပတ်သက်သောလူနာများအား ယနေ့နံနက်မှစတင်၍ အခမဲ့ဆေးကုသမှုများဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး နှစ်ဦး၊ မေ့ဆေးအထူးကုဆရာဝန်ကြီး တစ်ဦးပါရှိပြီး သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တို့မှ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များနှင့် ပူးပေါင်း၍ သံတွဲဆေးရုံမှ သားဖွားမီးယပ်နှင့်ပတ်သက်သောရောဂါ ခံစားနေရပြီး ဆေးကုသမှုစရိတ်မတတ်နိုင်သဖြင့် ရန်ကုန်မြို့သို့ခွဲစိတ်ကုသရန်မသွားရောက်နိုင်သည့် သားဖွားမီးယပ်လူနာ ၁၆ ဦးတို့အား အခမဲ့ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆရာဝန်ကြီးများအဖွဲ့သည် နိုဝင်ဘာ ၃၀ ရက်တွင် တောင်ကုတ်မြို့သို့ သွားရောက် ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးအဖွဲ့သည် နှစ်စဉ်လာရောက် ဆေးကုသမှုများဆောင်ရွက် ပေးလျက်ရှိရာ ယခုအကြိမ်သည် တတိယအကြိမ်မြောက် လာရောက်ကုသပေးခြင်းဖြစ်ကြောင်း ခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲဝင်းထွန်းထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# လုပ်အားခများ ခေါင်းပုံဖြတ်ရယူ၍ တရုတ်ယောက်ျားထံ ရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

လုပ်အားခများ ခေါင်းပုံဖြတ်ရယူ၍ တရုတ်ယောက်ျားထံရောင်းစားရန် စီစဉ်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ စက်ရုံစုရပ်ကွက် ရွာသာယာရွာနေ မဘုမချေ(ခ) မဘုချေ၊ မအေးချေနှင့် မအဖြူချေတို့က တစ်ရွာတည်းနေ အသက် ၂၁ နှစ်အရွယ် အမြွာညီအစ်မနှစ်ဦးအား ရန်ကုန်မြို့အထည်ချုပ်စက်ရုံတွင် အလုပ်ရမည်၊ တစ်လလျှင်လစာငွေကျပ် ၂၅၀၀၀၀ ရမည်ဟု စည်းရုံးပြောဆို၍ လားရှိုးမြို့ရှိ စတိုးဆိုင်နှင့် မူဆယ်မြို့ရှိ ငါးဒိုင်တို့တွင် အလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူကာ တရုတ်ယောက်ျားထံ ရောင်းစားရန် စီစဉ်ခဲ့သဖြင့် စစ်တွေမြို့မရဲစခန်း (ပ) ၅၄/ ၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့သည်။

ယင်းနောက် စစ်တွေခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်တွင် တရားခံ မဘုမချေ(ခ) မဘုချေ၊ မအေးချေနှင့် မအဖြူချေတို့သုံးဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၆/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ်(၆/၂၀၂၂)ကို ၂၈-၁၁-၂၀၂၂ ရက်မှ ၆-၁-၂၀၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးဖော်ပြထားပါသည်-

- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်) အမှတ်-(၁၃၅)ဓမ္မစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မန္တလေး) အမှတ်-(၁၆၉) ၈၃လမ်း ၂၅ x၂၆လမ်းကြား အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ် မန္တလေးမြို့ ဖုန်း ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်) ရွှေတောင်ရပ် အထက်လမ်းမကြီးဘေး မော်လမြိုင်မြို့ ဖုန်း ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (တောင်ငူ) အမှတ် (၁၈)ရပ်ကွက် စည်သူလမ်း ဘူတာအနီး တောင်ငူမြို့ ဖုန်း၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား) အမှတ်(၉၂) ရှမ်းစုမြောက်ရပ်ကွက် မြစ်ကြီးနားမြို့ ဖုန်း ၀၇၄-၂၅၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)ကျုံကူကျေးရွာ ဖျာပုံ - ဘိုကလေးကားလမ်းဘေး ဖျာပုံမြို့ ဖုန်း ၀၉-၄၅၅၇၈၈၀၂၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ပုသိမ်) အမှတ်-(၂) ရပ်ကွက် မင်းကြီးလမ်း ပုသိမ်မြို့ ဖုန်း ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (စစ်တွေ) မေယုလမ်း (လေယာဉ်ကွင်းအနီး) မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့ ဖုန်း ၀၄၃- ၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရှာငံ) အမှတ်-(၈၂)အင်းကုန်းငါးဆူကျေးရွာအုပ်စု အင်းကုန်းကျေးရွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့ ဖုန်း ၀၉- ၇၈၁၁၁၆၂၇၂
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်) အကွက်အမှတ် (၂၄) ဆန်ချီအနောက်ကွင်း ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဖုန်း ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# ကုန်စျေးနှုန်းများမြင့်တက်လာခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ဂျပန်အောက်လွှတ်တော် ဥပဒေကြမ်းတစ်ခုကို အတည်ပြု

**တိုကျို နိုဝင်ဘာ ၂၉**

ကုန်စျေးနှုန်းများ မြင့်တက်လာခြင်းကို ကိုင်တွယ်ဖြေရှင်းရန် ဂျပန် အောက်လွှတ်တော်သည် ဒုတိယ ဖြည့်စွက်ဘတ်ဂျက်ကို အတည်ပြုခဲ့သည်။ အောက်လွှတ်တော်က အတည်ပြုခဲ့သော အဆိုပါ ဘတ်ဂျက်ဥပဒေကြမ်းကို အထက်လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက်က အတည်ပြုခဲ့သော အဆိုပါဘတ်ဂျက်သည် ယန်း ၂၈ ဒသမ ၉ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂၀၉ ဘီလီယံရှိပြီး အိမ်ထောင်စုများနှင့် ကုမ္ပဏီများအတွက် လျှပ်စစ်မီတာခများနှင့် ဓာတ်ငွေ့သုံးစွဲခ မြင့်တက်လာသည့် ဝန်ထုပ်ဝန်ပိုးကို သက်သာစေမည့် ရန်ပုံငွေတစ်ရပ်လည်း ပါဝင်မည်ဖြစ်သည်။

ဂျပန်အစိုးရသည် ကိုယ်ဝန်သည်များနှင့် ကလေးမွေးဖွားမှုများအတွက် ယန်း ၁၀၀၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၇၀၀ နှင့် ညီမျှသည့် ဘဏ္ဍာငွေ ထောက်ပံ့မှုများ လုပ်ဆောင်ပေးသွားရန် စီစဉ်ထားသည်။

အရန်ရန်ပုံငွေ ယန်း ၄ ဒသမ ၇ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံကို ကိုရိုနာဗိုင်းရပ်စ်၊ ငွေကြေးဖောင်းပွမှုနှင့် တခြားကိစ္စရပ်များအတွက် ဖယ်ထားသည်။




ဂျပန်အောက်လွှတ်တော်ဘတ်ဂျက်ကော်မတီ အစည်းအဝေး ကျင်းပစဉ်။

အောက်လွှတ်တော် ဘတ်ဂျက်ကော်မတီ အစည်းအဝေးကို အဆိုပါနေ့အစောပိုင်းက ကျင်းပခဲ့ရာ ဝန်ကြီးချုပ် ကီရှီဒါ ဖူမီယိုက စွမ်းအင်နှင့် စားသောက်ကုန် စျေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့်အစိုးရသည် အဆိုပါနယ်ပယ်များကို ဦးတည်ချက်ထားပြီး အရေးတယူ ဆောင်ရွက်မှုများ လုပ်ဆောင်လျက် ရှိကြောင်း ဝန်ကြီးချုပ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ်ရှိ ကမ္ဘာ့အကြီးဆုံးမီးတောင်ရှင် Mauna Loa ပေါက်ကွဲစဉ်။

# ကမ္ဘာ့အကြီးဆုံးမီးတောင်ရှင် နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ် ပေါက်ကွဲ

**ဟာဝိုင်ယီ နိုဝင်ဘာ ၂၉**

အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ်ရှိ ကမ္ဘာ့အကြီးဆုံးမီးတောင်ရှင် Mauna Loa သည် နှစ်ပေါင်း ၄၀ နီးပါးအတွင်း ပထမဆုံးအကြိမ် ပေါက်ကွဲခဲ့သည်။

အမေရိကန်ဘူမိဗေဒလေ့လာရေးအဖွဲ့က မီးတောင်ပေါက်ကွဲမှုသည် နိုဝင်ဘာ ၂၇ ရက်ကစတင်ဖြစ်ပွားခဲ့ကြောင်း ကြေညာခဲ့သည်။ အဆိုပါမီးတောင်ပေါက်ကွဲမှု အစောပိုင်းအဆင့်သည် အလွန်မြန်ဆန်ပြီး ချော်ရည်စီးဆင်းမှုလမ်းကြောင်း လျင်မြန်စွာ ပြောင်းလဲနိုင်သောကြောင့် ဟာဝိုင်အီကျွန်းရှိ ဒေသခံ ၂၀၀၀၀၀ နီးပါးကို အမေရိကန်ဘူမိဗေဒလေ့လာရေးအဖွဲ့က သတိပေးထားသည်။

မီးတောင်ပေါက်ကွဲမှုဒေသသည် လူနေဒေသနှင့် ဝေးကွာသော်လည်း ချော်ရည်သည် သူ့လမ်းကြောင်းအတိုင်း စီးဆင်းလာပါက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေး အဆင်သင့်လုပ်ဆောင်ထားကြရန် ဒေသအာဏာပိုင်များက ပြည်သူများကို နိုဝင်ဘာ ၂၈ ရက်တွင် တိုက်တွန်းခဲ့သည်။

အဆိုပါမီးတောင်သည် လွန်ခဲ့သော ၁၉၈၄ ခုနှစ်က နောက်ဆုံးပေါက်ကွဲခဲ့သည်။ ယင်းမီးတောင်ပေါက်ကွဲမှုကို သုံးကြိမ်တိုင်တိုင် မြင်တွေ့ခဲ့သူ ဒေသခံတစ်ဦးက ချော်ရည်မည်သည့်နေရာမှ စီးဆင်းလာနိုင်သည်ကို မသိကြောင်းနှင့် မီးတောင်ပေါက်ကွဲမှု မည်သည့်အချိန်ပြီးဆုံးမည်ဆိုသည်ကို မခန့်မှန်းနိုင်သည့်အတွက် စိုးရိမ်နေကြကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာ၌ မူးယစ်ဆေးဝါးသုံးစွဲသော ယာဉ်မောင်းများအား လာမည့်နှစ် ဇန်နဝါရီလမှစကာ ဖော်ထုတ်သွားမည်

**ကိုလံဘို နိုဝင်ဘာ ၂၉**

သီရိလင်္ကာနိုင်ငံသည် လာမည့်နှစ် ဇန်နဝါရီလမှစတင်ကာ ဘိန်းဖြူ၊ ကိုကင်းနှင့် အခြားမူးယစ်ဆေးဝါး သုံးစွဲသော ယာဉ်မောင်းသူများကို ရှာဖွေဖော်ထုတ်နိုင်ရန် အစီအမံများကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက်တွင် တာဝန်ရှိသူတစ်ဦးက ပြောသည်။



လက်ရှိကာလတွင် သီရိလင်္ကာ ဥပဒေစိုးမိုးရေးအာဏာပိုင်အဖွဲ့က အရက်မူးသော ယာဉ်မောင်းများကိုသာ ရှာဖွေဖော်ထုတ်ရန် စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီး လာဆန်သာ အလာဂီယာဝနာက သတင်းထောက်များကို ပြောသည်။

သီရိလင်္ကာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း ယာဉ်မတော်တဆမှု ၄၂၀၀၀ ဖြစ်ပွားပြီး လူပေါင်း ၃၀၀၀ ခန့်အသက်ဆုံးရှုံးရကြောင်းနှင့် ယင်းယာဉ်မတော်တဆမှုများကြောင့် အမေရိကန်ဒေါ်လာ သန်း ၂၂၀ ခန့် ဆုံးရှုံးမှုဖြစ်ပေါ်ကြောင်း အလာဂီယာဝနာက ပြောသည်။

သီရိလင်္ကာ ရဲတပ်ဖွဲ့သည် ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း အများစုမှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ သို့သော်လည်း မူးယစ်ဆေးဝါး သုံးစွဲသော ယာဉ်မောင်းများကို ရှာဖွေဖော်ထုတ်ရန် စက်ပစ္စည်းကိရိယာများ မရှိကြောင်း၊ ထိုကဲ့သို့ စက်ပစ္စည်းကိရိယာများမရှိခြင်းက ပြဿနာတစ်ရပ်အဖြစ် ရှိနေကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးသုံးစွဲသော ယာဉ်မောင်းများကို ရှာဖွေဖော်ထုတ်ရန် စက်ပစ္စည်းကိရိယာအသစ်များနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစကာ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယား၌ ကိုဗစ်ကူးစက်ခံရသူ ၇၁၄၇၆ ဦး တွေ့ရှိ

**ဆိုးလ် နိုဝင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ၌ နိုဝင်ဘာ ၂၈ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၇၁၄၇၆ ဦး စစ်ဆေးတွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက နိုဝင်ဘာ ၂၉ ရက်တွင် ပြောသည်။

ထပ်မံကူးစက်ခံရသူများအနက် ၈၄ ဦးမှာ ပြည်ပပြန် ကူးစက်မှုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း ပြည်ပပြန် ကူးစက်ခံရသူ ၇၁၃၈၄ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ ရောဂါကူးစက်ခံရပြီး စိုးရိမ်ရသည့် အခြေအနေရှိသူ ၄၉၁ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ၄၁ ဦး ထပ်မံ သေဆုံးသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၄၅၄ ဦးအထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်၏ လူဦးရေ သန်း ၁၀၀ ရှိလာမည်

**ဟန္နိုင်း နိုဝင်ဘာ ၂၉**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံ့လူဦးရေ သန်း ၁၀၀ ရှိလာမည်ဟု မျှော်လင့်ထားကြောင်း နိုဝင်ဘာ ၂၉ ရက်တွင် ပြည်တွင်းမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏ လက်ရှိလူဦးရေသည် ၉၉ သန်းကျော်ရှိသောကြောင့် ကမ္ဘာတွင် ၁၅ နိုင်ငံမြောက် လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်ပြီး အာရှတွင် ရှစ်နိုင်ငံမြောက် လူဦးရေအထူထပ်ဆုံး နိုင်ငံဖြစ်ကာ အရှေ့တောင်အာရှတွင် တတိယမြောက် လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်ကြောင်း ပြည်တွင်းသတင်းစာ Tuoi Tre တွင် ဖော်ပြထားသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ အသက် ၁၅ နှစ်မှ ၄၉ နှစ်ကြားရှိ အမျိုးသမီး ၂၅ သန်းနီးပါးသည် ကလေး မီးဖွားနိုင်သော အရွယ်များဖြစ်ကြောင်းနှင့် အဆိုပါအရေအတွက်သည် ၂၀၃၀ ပြည့်နှစ်တွင် ၂၆ သန်းသို့ မြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း Nguoi Lao Dong သတင်းစာတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် သက်ကြီးလူ့အဖွဲ့အစည်းသို့ ဝင်ရောက်လာကာ ၂၀၃၅ ခုနှစ်တွင် သက်ကြီးလူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ကမ္ဘာတွင် သက်ကြီးအရွယ်သို့ အလျင်မြန်ဆုံး ရောက်ရှိလာသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



# အာရှနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာအသင်း ငွေ ကိုးခု၊ ကြေး သုံးခုနှင့် ထိုင်းရိုးရာလှေလှော်ပြိုင်ပွဲတွင် ငွေ နှစ်ခု၊ ကြေး နှစ်ခုရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာလှေလှော်အားကစားအဖွဲ့သည် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၄) ကြိမ်မြောက် အာရှနဂါး လှေလှော်ပြိုင်ပွဲ (14th ASIAN Dragon Boat Championship) ပြိုင်ပွဲတွင် ငွေကိုးခု၊ ကြေး သုံးခုနှင့် နိုဝင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ထိုင်းရိုးရာလှေလှော် (Thailand Traditional Boat and International Swan Boat Race 2022 ) ပြိုင်ပွဲတွင် ငွေ နှစ်ခု၊ ကြေး နှစ်ခုဖြင့် ပွဲစဉ် ၁၇ ပွဲ တွင် ၁၆ ပွဲ အနိုင်ရရှိ၍ စုစုပေါင်း ငွေ ၁၁ ခု၊ ကြေး ငါးခုဖြင့် နိုင်ငံအလိုက် အဆင့် (၄) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် အိမ်ရှင် ထိုင်းအသင်း၊ သြစတြေးလျအသင်း၊ ကမ္ဘောဒီးယားအသင်း၊ တရုတ် (တိုင်ပေ) အသင်း၊ ဟောင်ကောင်အသင်း၊ တရုတ်အသင်း၊ အိန္ဒိယအသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်း၊ မြန်မာအသင်း၊ နီပေါအသင်း၊ စင်ကာပူအသင်း စုစုပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး Thailand Traditional Boat and International Swan Boat Race 2022 ပြိုင်ပွဲတွင် ဖိလစ်ပိုင် အသင်းနှင့် လာအိုအသင်း ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံအလိုက် အင်ဒိုနီးရှားအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ တရုတ်အသင်းက တတိယနှင့် မြန်မာအသင်းက စတုတ္ထ ရရှိခဲ့သည်။

အဆိုပါ မြန်မာအားကစားအဖွဲ့သည် နိုဝင်ဘာ ၂၈ရက်ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ရန်ကုန်တိုင်း ဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ ကြောင်း သိရသည်။



**အာကာစိုး**

# ကွတ်ခိုင်မြို့နယ်၌ ဖမ်းဆီးရမိသည့် သက်သေခံဓာတုပစ္စည်းများ ဖျက်ဆီး

**ကွတ်ခိုင် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်တွင် ယနေ့နံနက် ၁၀ နာရီက ရပ်ကွက် (၁) ကွတ်ခိုင်-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး ဘယ်ဘက် ၂ ဖာလုံခန့်အကွာ အမှိုက်စွန့်ပစ်သည့် နေရာဟောင်းတွင် ဖမ်းဆီး ရမိသည့် သက်သေခံဓာတုပစ္စည်းများ ဖျက်ဆီးခြင်း အခမ်းအနား ပြုလုပ်သည်။

အခမ်းအနားသို့ ကွတ်ခိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့ (ကွတ်ခိုင်) မှ ခေတ္တခရိုင်ရဲမှူး ရဲမှူး တင်နိုင်မိုးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကွတ်ခိုင် ခရိုင် ရဲတပ်ဖွဲ့ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်နိုင်မိုး က မူးယစ်ဆေးဝါးများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေ ၃၇၇၁၇၂၀၁၅ ကျပ်ရှိသည့် ဓာတုပစ္စည်းများကို မီးရှို့ ဖျက်ဆီးမည်ဖြစ်ကြောင်း၊ ယင်း ဓာတုဆေးဝါးများကို မက်သာဖက်တမင်း ခေါ်သည့် စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ K နှင့် ခေါင်းခါဆေး အက်တက်စီ၊ ဘိန်းဖြူများကို ထုတ်လုပ်ရာတွင် အဓိက ဓာတ်ပြုပေါင်းစပ်ပါဝင်သော ဓာတုပစ္စည်းများဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အခမ်းနားသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ တာဝန်ရှိသူများက ဖျက်ဆီးမည့် သက်သေခံ ဓာတုပစ္စည်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် ဖျက်ဆီးခြင်းတို့ကို ပြုလုပ်ကြောင်း သိရသည်။

**ချယ်ရီမြေ(ကွတ်ခိုင်)**



# ရေဖြူ၊ သဃ်န်းကျွန်း၊ နောင်ချိုနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရေဖြူမြို့နယ် အလယ်စခန်း ကျေးရွာရှိ မလွဲတောင်ပူးပေါင်း စစ်ဆေးရေးစခန်း၌ အောင်မင်းဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ ကိုလည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၃ နာရီတွင် သဃ်န်းကျွန်းမြို့နယ် (ဂ) ရပ်ကွက် သံသုမာလမ်းနှင့် လွတ်လပ်ရေး လမ်းထောင့်တွင် ဝေယံထွန်း (ခ) မွတ်စလင်း ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀ ကို သိမ်းဆည်း ရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် သဃ်န်းကျွန်းမြို့နယ် (ဂ) ရပ်ကွက် ဘောဂလမ်းရှိ အောင်ထွန်းနိုင် (ခ) အဝိုက်စ်၏ နေအိမ်တိုက်ခန်းကို ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၅ ပြားကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် တာချီလိတ်မြို့ ရန်အောင်မြေ ရပ်ကွက် ပါလျှံ (၂) လမ်းရှိ စိုင်းစိနိုင် (ခ) အားနမ် ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျမူးနှင့် အားလင် တို့ကို တွေ့ရှိပြီး စိတ်ပြောင်းဆေးဝါးများ ဖြစ်ကြသည့် Happy Water သုညဒသမ ၀၈၁ ကီလို၊ ကတ်တမင်း သုည ဒသမ ၄၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ၊ ၉ မမ ပစ္စတို သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၀ တောင့်တို့ကို လည်းကောင်း။

နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး-လားရှိုး သွားကားလမ်းတွင် ဆိုင်းယော် မောင်းနှင်ပြီး နော်မိုင် လိုက်ပါလာသည့် TOYOTA BB အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၇၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၉

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နားခါတောင်ရပ်ကွက်နေ သန့်ဝေဟင် (ခ) ကိုသဲသည် ၎င်းအသုံးပြုသည့် “Ko Thae” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ဘန်းလမွတ်ကျေးရွာနေ ချိုရည်ဖွေး (ခ) မိတုတ် နှင့် ကလွင်ကျေးရွာနေ လူမင်း (ခ) ရဲရင့် တို့သည် ၎င်းတို့အသုံးပြုသည့် “Cho Ye Phawe” Facebook အကောင့်၊ “Lu Minn” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၂၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၅၇,၉၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၂၁၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၇၂၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၈) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၀၅ | ၂၀၀၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၂၆၅ | ၂၉၂၀ |
| 95 Ron | ၂၀၃၀ | ၂၀၇၅ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၀၆၅ | ၂၀၈၀ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၀ | ၂၃၃၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၃၅ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၇၀ | ၂၄၈၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၈၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၀ | ၂၆၄၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၄၉၅ | ၂၇၁၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၄၉၅ | ၂၇၁၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၃ | ၁၉၃၄ |
| 95 Ron | ၁၉၂၉ | ၂၀၀၁ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၃၀၂ | ၂၃၇၈ |
| HSD (10 ppm) | ၂၃၀၂ | ၂၃၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ





## ရေပျော်ငှက်နှင့် ဆောင်းခိုငှက်များ ပျော်စံရာ

# မိုးယွန်းကြီးအင်း

## တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

ဆောင်းခိုငှက်နှင့် ရေပျော်ငှက်မျိုးစိတ်များ ပျော်စံကျက်စားကြရာဒေသ။ ရေဝပ်ဒေသ ဂေဟစနစ် စနစ်တကျထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာရပ်ဝန်း။ ၁၈၇၈ ခုနှစ် အင်္ဂလိပ်အစိုးရလက်ထက် ရေကူဖြည့်ကန်၊ ရေလှောင်တမံအဖြစ်မှသည် တိရစ္ဆာန်ဘေးမဲ့တောအဖြစ် ပြောင်းလဲဖြစ်တည်လာခဲ့ရာ ဧရိယာအကျယ်အဝန်း စတုရန်းမိုင် ၄၀ ကျယ်ပြောသော တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော....

သိန်းညွန့်(PZL)

**ဤကဲ့သို့သော ဝိသေသများဖြင့် တန်ဆာဆင်ထားသော တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ် အတွင်း စုဖွဲ့တည်ရှိသော မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောပင် ဖြစ်သည်။**

### ထိန်းသိမ်းစောင့်ရှောက်

၁၉၈၈ ခုနှစ် ဧပြီ ၂၂ ရက်မှစတင်၍ တိရစ္ဆာန် ဘေးမဲ့တောရပ်ဝန်းအဖြစ် တည်ရှိခဲ့သော အဆိုပါ ဘေးမဲ့တောသည် ရေပျော်နှင့် ဆောင်းခိုငှက်တို့ ကျက်စားရာဒေသဖြစ်သကဲ့သို့ ရေဝပ်ဒေသဂေဟစနစ်နှင့် ဆက်နွှယ်မှုကို စေ့ငုသုတေသနပြုရာ ဘေးမဲ့တောအဖြစ် သစ်တောဦးစီးဌာနက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပေသည်။

### ငှက်ကောင်ရေ ၁၁၇၁၅ ကောင်ရှိ

ယခုနှစ် အောက်တိုဘာလကုန်အထိ ကောက်ယူရရှိသည့် စာရင်းများအရ အဆိုပါ ဘေးမဲ့တော ရေပြင်တစ်နံတစ်လျား၌ ဆောင်းခိုငှက်မျိုးစိတ် ၃၂ မျိုး၊ ရေပျော်ငှက် ၂၁ မျိုး၊ ကုန်းငှက် ၄၇ မျိုးတို့ နေထိုင်ကြပြီး စုစုပေါင်း ငှက်ကောင်ရေပေါင်း ၁၁၇၁၅ ကောင် ရှိကြောင်း သိမှတ်ရသည်။

နောက်ဆုံးမှတ်တမ်းများအရ ဘေးမဲ့တောအတွင်း တလိုင်းခေါင်း၊ မြစ်တွေး၊ သောင်တင်းငှက်၊ စစ္စလီ၊ ကရကတ်၊ ငှက်ကြီးဝန်ပို၊ တင်ကျီး၊ ငဟစ်၊ စင်ရော်၊ တောဝမ်းဘဲ၊ စွန်၊ မယ်ညို၊ ဒေါင်းလန်း ခြေထောက်၊ ခရုစုပ်စသည့် ငှက်မျိုးစိတ်များ နေထိုင်ကျက်စားလျက်ရှိကြသည်

### မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရ

အဆိုပါ ငှက်မျိုးစိတ်များအနက် ကြိုးကြာ၊ ခရုစုပ်ခေါင်းမည်း၊ လင်းယုန်၊ မြစ်တွေး၊ စာဘုန်းကြီး၊ ဂေါ့ဒွစ်၊ ဥပန်း၊ ငှက်ကျား စသည့်ငှက်မျိုးစိတ်များသည် မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

### ခရီးသွားဧည့်သည်များအား ဆွဲဆောင်

သဘာဝ ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်လျက်ရှိသော မိုးယွန်းကြီးအင်း ဘေးမဲ့တောတွင် လှေပေါ်သဏ္ဍာန် ရေပေါ်အိမ် (Boat House)များ၊ အပျော်စီး စက်လှေများ၊ ငှက်ကြည့်မျှော်စင်များ ထားရှိပေရာ ဆောင်းခိုငှက်နှင့် ဌာနေ ရေပျော်ငှက်များ မြူးထူးပျော်စံရာ အင်း၏သဘာဝပသာဒနှင့် တွဲဖက်ကာ ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိနေပေသည်။



မိုးယွန်းကြီးအင်းအတွင်း လာရောက်ကျက်စားကြသည့် ငှက်ကျားမျိုးစိတ်များကို တွေ့ရစဉ်။

### ကမ္ဘာ့အရေးကြီး ရေဝပ်ဒေသ

မြန်မာနိုင်ငံသည် နိုင်ငံတကာရေဝပ်ဒေသထိန်းသိမ်းရေးအဖွဲ့ (Ramsar Convention)၏ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ၂၀၀၅ ခုနှစ် မတ်လက စတင် ရပ်တည်ခဲ့သည့်အလျောက် မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့အရေးကြီး ထိန်းသိမ်းရမည့် ရေဝပ်ဒေသအဖြစ် ကနဦး အသိအမှတ်ပြုခြင်းခံရခြင်းလည်း ဖြစ်သည်။

**“ယခုနှစ် အောက်တိုဘာလကုန်အထိ ကောက်ယူရရှိသည့် စာရင်းများအရ အဆိုပါ ဘေးမဲ့တော ရေပြင်တစ်နံတစ်လျား၌ ဆောင်းခိုငှက်မျိုးစိတ် ၃၂ မျိုး၊ ရေပျော်ငှက် ၂၁ မျိုး၊ ကုန်းငှက် ၄၇ မျိုးတို့ နေထိုင်ကြပြီး စုစုပေါင်းငှက်ကောင်ရေပေါင်း ၁၁၇၁၅ ကောင်ရှိ”**

ပဲခူးမြို့နယ်အတွင်း ၁၃၅၄၂ ဧကနှင့် ဝေါမြို့နယ်အတွင်း ၁၂၀၅၈ ဧက ပါဝင်သော မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် မြို့တော်ရန်ကုန်မှ အမြန်လမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ခရီး ၅၈ မိုင်မျှသာ ဝေးကွာပြီး ရန်ကုန်- မန္တလေးလမ်းဟောင်းမှ သွားရောက်မည်ဆိုပါက မိုင် ၇၀ ခန့်ခရီး ရှိသည်။

ယခုအခါ ရမ်ဆာရေဝပ်ဒေသတစ်ခုအဖြစ် အုပ်ချုပ်လုပ်ကိုင်မှု ငါးနှစ်စီမံချက် ၂၀၁၉-၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃-၂၀၂၄ ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ၁၀ နှစ်တာ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည် တည်ထောင်ခြင်း လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉) များကိုလည်း စနစ်တကျ အကောင်အထည်ဖော်လျက် ရှိပေရာ ပြည်သူများ၏ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ရေပျော်ငှက်နှင့် ဆောင်းခိုငှက်များပျော်စံရာ ဘူမိနက်သန်နေရာမှန် ဒေသတစ်ခုအဖြစ် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှာ ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါကြောင်း စေ့ငုဖော်ပြလိုက်ရပါသည်။ ။

---

## ဒီရေတောများသည် လူသားတို့အတွက် တိုင်းတာ၍မရသော အကျိုးကျေးဇူး အများအပြားပေးနိုင်

**ဧရာဝတီတိုင်းဒေသကြီးတွင် ဒီရေတောဧရိယာ ၇၁၁၆၉၆ ဧက၊ ၂၈၈၀၁၉ ဟက်တာ တည်ရှိရာ အဆိုပါ ဒီရေတောများသည် လူသားတို့အတွက် တိုင်းတာ၍ မရနိုင်သော အကျိုးကျေးဇူးများ အများအပြားပေးနိုင်သဖြင့် ဒီရေတောများအား လူသားတို့ အနေဖြင့် တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်း၊ ကာကွယ်၊ စောင့်ရှောက်နိုင်ရန် အဓိက လိုအပ်သည်။**

ဒီရေတောများ ပျက်စီးယိုယွင်းပါက ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်း ကျရောက်မှုကဲ့သို့ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ဖွယ်ရာရှိပြီး ဒီရေတောဂေဟစနစ်များမှ ရရှိသည့် သားငါး၊ ပုစွန်၊ ကဏန်းများပါ ရှားပါးလာနိုင်သည်။

ဒီရေတောများ ရှင်သန်နေခြင်းဖြင့် လေပြင်းမုန်တိုင်းဒဏ် ကာကွယ်ပေးခြင်း၊ ပင်လယ်လှိုင်းဒဏ် ကာကွယ်ပေးခြင်း၊ မြစ်ရေကြီးခြင်းကို သက်သာစေခြင်း၊ မြစ်ကမ်းပါးပြိုခြင်းကို သက်သာစေခြင်း၊ ဒီရေတောများအတွင်း နုန်းများအနည်ထိုင်ခြင်းကြောင့် ရေကြောင်းသွားလာမှု ကောင်းမွန်စေခြင်း၊ မြစ်ရေအညစ်အကြေးကို သန့်စင်စေခြင်း၊ မြေဆီလွှာအတွင်း ဆားငန်ရေ ထိုးဖောက်မှုကို ကာကွယ်ခြင်း၊ ရေစီးအားနှင့် ဒီရေအတက်အကျကို မျှတစေခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း စသော ရေသတ္တဝါတို့ ခိုအောင်းရာ၊ ကျက်စားရာနေရာဖြစ်ခြင်း၊ သားငှက်တိရစ္ဆာန်တို့ ကျက်စားရာဒေသဖြစ်ခြင်း၊ ဒီရေတောသဘာဝဆိုင်ရာပညာရပ်များ လေ့လာခြင်းနှင့် သုတေသနပြုနိုင်ခြင်း၊ အပန်းဖြေခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ခြင်းစသည့် လူသားတို့အတွက် တန်ဖိုးဖြတ်မရသည့် အကျိုးကျေးဇူးများ ပေးနိုင်သည့်အပြင် ကမ္ဘာကြီးပူနွေးလာမှုကို ဖြစ်ပေါ်စေသည့် ဓာတ်ငွေ့တစ်မျိုးဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များကို လေထုအတွင်းမှ သိုမှီးရာတွင်လည်း ဒီရေတောများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း ဒီရေတောပညာရှင်များထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ဒီရေတောများအနက် ထင်ရှားကျော်ကြားသော ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောပေါ်မှ ဒီရေတောများသည် မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရသည့် အပင်နှင့် အကောင်မျိုးစိတ်များအတွက် မှီခိုနေထိုင်ရာအိမ်ဖြစ်ပြီး ၎င်း၏ပတ်ဝန်းကျင်ရှိ ကျေးရွာ ၃၂ ရွာမှအိမ်ထောင်စု ၈၀၀၀ ကျော်၏ စားဝတ်နေရေးနှင့် ဝင်ငွေအတွက် မှီခိုရာလည်းဖြစ်သည့်အပြင် ပို၍အရေးပါသည့် အချက်မှာ မိန်းမလှကျွန်းပေါ်မှ ဒီရေတောများသည် ပတ်ဝန်းကျင်ဒေသများကို ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များ၏ ဒဏ်မှအကာအကွယ်ပေးလျက်ရှိသည်။

သို့ရာတွင် မိန်းမလှကျွန်းပေါ်ရှိ ဒီရေတောများအားထင်ထုတ်ယူသည့် ၁၉၈၅ ခုနှစ်မှ စတင်၍ လူတို့၏ အလွန်အကျွံစည်းကမ်းမဲ့ ခုတ်လှဲသုံးစွဲမှု၊ ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ဒီရေတောများပျက်စီးမှုဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါတွင် မိန်းမလှကျွန်းပေါ်မှ ဒီရေတောများကို ပြန်လည်ထူထောင်စိုက်ပျိုးရုံသာမက အပင်ပေါက်ရောက်မှု ပိုမိုများပြားသိပ်သည်းလာစေရန်၊ မျိုးသုဉ်းပျောက်ကွယ်ဖို့ အန္တရာယ်ကျရောက်နေသော အရေးကြီးသည့် ဒီရေတောမျိုးစိတ်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများကို ပိုမိုကောင်းမွန်လာစေရန်နှင့် ဒီရေတောဂေဟစနစ်များကို ပိုမိုကျန်းမာသန်စွမ်း လာစေရန်အတွက် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ဒီရေတောအပင်များ ကွက်လပ်ဖြည့် စိုက်ပျိုးမည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ ဒေသခံများပူးပေါင်းပါဝင် ဆောင်ရွက်ရန် အဓိက လိုအပ်လျက်ရှိပေသည်။

မိုးစက်(ဘိုကလေး)

**စီး**ပွားရေးနှင့် ငြိမ်းချမ်းရေးအင်စတီကျု (IEP) က ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ထုတ်ပြန်လိုက်သည့် ဂေဟစနစ်ခြိမ်းခြောက်မှုဆိုင်ရာ အစီရင်ခံစာ (ETR) အရ ပဋိပက္ခနှင့် ငွေကြေးဖောင်းပွမှုဆိုင်ရာ ဖိအားများကြောင့် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ ပိုမိုဆိုးရွားလာသဖြင့် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်းပေါင်း ၇၅၀ သည် ယခုအခါ အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေကြရသည်ဟု ဆိုသည်။



သီဟစည်သူ

# ဂေဟစနစ်ယိုယွင်းမှုဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံ၌ ရင်ဆိုင်နေရ

၂၀၂၂ ခုနှစ် ဂေဟစနစ် ခြိမ်းခြောက်မှုများဆိုင်ရာ အစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များအရ –

- လူဦးရေ လျင်မြန်စွာတိုးလာခြင်း၊ ရေအန္တရာယ်နှင့် စားနပ်ရိက္ခာမလုံခြုံမှုကဲ့သို့သော ဂေဟဗေဒဆိုင်ရာခြိမ်းခြောက်မှုများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ပိုမိုဆိုးရွားလာကာ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းခြင်းနှင့် ပဋိပက္ခများကို ဖြစ်ပေါ်စေလျက်ရှိသည်။
- ETR မှ စောင့်ကြည့်နေသည့် နိုင်ငံနှင့် နယ်မြေ ၂၂၈ ခု၏ ၅၆ ရာခိုင်နှုန်းသည် အလွန်အမင်း ဂေဟစနစ်ယိုယွင်းမှုဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။
- ကမ္ဘာ့ငြိမ်းချမ်းမှုအနည်းဆုံးနိုင်ငံ ၄၀ ၏ လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၁ ဒသမ ၃ ဘီလီယံအထိ တိုးလာမည်ဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ ၄၉ ရာခိုင်နှုန်းကို ကိုယ်စားပြုနေသည်။
- ၂၀၅၀ ပြည့်နှစ်အထိ ခန့်မှန်းချက်များအရ အာဖရိက ဆာဟာရအောက်ပိုင်းဒေသအများစုသည် ရေရှည်မတည်တံ့နိုင်သည့် လူဦးရေတိုးပွားမှု ၉၅ ရာခိုင်နှုန်းရှိလာမည်ဟု ခန့်မှန်းထားပြီး လက်ရှိတွင် လူဦးရေ ၇၃၈ သန်းသည် လုံလောက်သည့် အစားအစာ ဖူလုံမှုမရှိဘဲ နိုင်ငံတစ်နိုင်ငံမှလွဲ၍ ကျန်နိုင်ငံအားလုံးသည် အလွန်ဆိုးရွားသော ရေရှားပါးမှုအန္တရာယ်ကို ရင်ဆိုင်နေကြရသည်။
- ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့အာဟာရချို့တဲ့သူများ၏ ၉၂ ရာခိုင်နှုန်းနီးပါးသည် ငြိမ်းချမ်းမှု နည်းပါးသော နိုင်ငံများ၌ နေထိုင်နေကြရသည်။
- ၂၀၁၉ ခုနှစ်မှစ၍ ရာသီဥတုပြောင်းလဲမှုအပေါ် ကမ္ဘာ့စိုးရိမ်မှု ၁ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားခဲ့ပြီး ညစ်ညမ်းမှုအများဆုံး နိုင်ငံလေးခုအနက် သုံးခုဖြစ်သည့် တရုတ်၊ အိန္ဒိယနှင့် ရုရှားတို့ရှိ နိုင်ငံသားများပင် စိုးရိမ်မှုအဆင့်နိမ့်ကျလျက်ရှိသည်။
- လေထုညစ်ညမ်းမှုများကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ဒေါ်လာ ၈ ဒသမ ၁ ထရီလီယံ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၆ဒသမ ၁ ရာခိုင်နှုန်း ကုန်ကျခဲ့ပြီး လူ ၆ သန်းမှ ၉ သန်းအကြား အသက်ဆုံးရှုံးခဲ့ရသည်။

အဆိုပါ အစီရင်ခံစာသည် နိုင်ငံနှင့် နယ်မြေ ၂၂၈ ခုကို ဆန်းစစ်လေ့လာပြီးနောက် ယင်းဒေသများအတွက် ဂေဟစနစ်ယိုယွင်းမှုအန္တရာယ်၊ လူ့အဖွဲ့အစည်း၏ ကြံ့ခိုင်မှုနှင့် ငြိမ်းချမ်းသာယာဝပြောရေးတို့အတွက် ယခုကာလနှင့် ၂၀၅၀ ပြည့်နှစ်အကြား စိန်ခေါ်မှုများ စီမံခန့်ခွဲနိုင်စွမ်းကို အကဲဖြတ်ထားခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာက အဆိုးရွားဆုံး ဂေဟစနစ်ဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် လူမှုအသိုင်းအဝိုင်းတွင် ခံနိုင်ရည်အနိမ့်ဆုံးရှိသည့် နိုင်ငံ ၂၇ ခုကိုလည်း မီးမောင်းထိုးပြထားကာ ယင်းနိုင်ငံဒေသပေါင်း ၂၇ ခုအနက် ၂၃ ခုသည် ဆာဟာရအာဖရိကဒေသခွဲ၊ အရှေ့အလယ်ပိုင်းနှင့် တောင်အာဖရိက ဒေသများတွင် တည်ရှိပြီး ခန့်မှန်းလူဦးရေ ၇၆၈ သန်းနေထိုင်လျက်ရှိသည်။

## အစားအစာဖူလုံမှုဆိုင်ရာ ဖိအားများ

လက်ရှိတွင် နိုင်ငံပေါင်း ၄၁ နိုင်ငံရှိ ဆာဟာရအာဖရိကဒေသခွဲ၊ အရှေ့အလယ်ပိုင်းနှင့် တောင်အာဖရိက ဒေသများရှိ လူဦးရေ သန်း ၉၀၀ နီးပါးသည် ဆိုးရွားသော စားနပ်ရိက္ခာမလုံလောက်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုသဟဇာတထိခိုက်မှုတို့ကို ခံစားနေရသည်။ ယင်းဒေသများတွင် အာဟာရချို့တဲ့သူဦးရေသည် ၂၀၁၇ ခုနှစ်မှစပြီး တစ်သမတ်တည်း မြင့်တက်လာခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းအထိ တိုးလာကာ လူဦးရေ သန်း ၇၅၀ ကျော်အထိ ရှိလာခဲ့သည်။ အာဟာရချို့တဲ့မှုနှင့် အစာရေစာမလုံလောက်မှုများသည် ဂေဟစနစ် ပျက်စီးယိုယွင်းမှုတိုးလာခြင်း၊ ငွေကြေးဖောင်းပွမှုနှင့် စစ်ပွဲများကြောင့် ဆိုးရွားလာခြင်းဖြစ်ကြောင်း သုံးသပ်ထားပြီး ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့အာဟာရချို့တဲ့သူများ၏ ၉၂ ရာခိုင်နှုန်းနီးပါးသည် ငြိမ်းချမ်းမှုနည်းပါးသော နိုင်ငံများ၌ နေထိုင်သူများဖြစ်ကြသည်။

## ပဋိပက္ခနှင့် ရေရှားပါးမှုအန္တရာယ်

စားနပ်ရိက္ခာဘေးကင်းလုံခြုံမှုသည် သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲခွင့်မရခြင်းနှင့်လည်း ဆက်စပ်နေသည်။ သောက်သုံးရေ လုံလောက်စွာမရှိခြင်းက လုံလောက်သည့် အစာအာဟာရကို ပေးဆောင်ရန် မဖြစ်နိုင်ပေ။ ယခုအခါ နိုင်ငံပေါင်း ၈၃ နိုင်ငံမှ လူပေါင်း ၁ ဒသမ ၄ ဘီလီယံကျော်သည် အလွန်အမင်း ရေရှားပါးမှုအန္တရာယ်ကို ရင်ဆိုင်နေကြရသည်။ ၂၀၄၀ ပြည့်နှစ်တွင် ဂရိ၊ အီတလီ၊ နယ်သာလန်နှင့် ပေါ်တူဂီနိုင်ငံများအပါအဝင် ဥရောပနိုင်ငံအများအပြားသည် ရေရှားပါးမှုအန္တရာယ်ကို ကြုံတွေ့ရမည်ဟု ခန့်မှန်းထားသည်။

ယခုအချိန်မှစ၍ ၂၀၅၀ ပြည့်နှစ်အတွင်း ရေရှားပါးမှုအန္တရာယ်တိုးလာမည့် နိုင်ငံအများစုမှာ ဆာဟာရ အာဖရိကဒေသခွဲ၊ အရှေ့အလယ်ပိုင်းနှင့် တောင်အာဖရိကဒေသတို့တွင် တွေ့ရှိရသည်။ လက်ရှိတွင် အာဖရိကဆာဟာရအောက်ရှိ နိုင်ငံအားလုံးမှလွဲ၍ ကျန်နိုင်ငံအားလုံးသည် အလွန်ဆိုးရွားသော ရေရှားပါးမှုအန္တရာယ်ကို ရင်ဆိုင်နေရသည်။

## လေထုညစ်ညမ်းမှုနှင့် လူဦးရေ မြင့်တက်လာခြင်း

၂၀၅၀ ပြည့်နှစ်တွင် ဂေဟစနစ်ယိုယွင်းမှုအန္တရာယ်ကို အပြင်းထန်ဆုံးစိန်ခေါ်မှုများကို ရင်ဆိုင်ရမည့် လူဦးရေထူထပ်သည့် မြို့ကြီးများမှာ ကင်ရှာဆာ၊ နိုင်ရိုဘီနှင့် လာဂိုစ့်တို့ဖြစ်သည်။ လူဦးရေများပြားသည့် မြို့ကြီးများ၏ ၆၀ ရာခိုင်နှုန်းကျော်သည် ငြိမ်းချမ်းမှုနည်းပါးသော နိုင်ငံများ၌ ရှိနေပြီး ယင်းတို့သည် လူဦးရေတိုးပွားနှုန်း အမြင့်ဆုံး၊ အဆိုးရွားဆုံး မိလ္လာစနစ်၊ ရာဇဝတ်မှုဖြစ်ပွားမှုနှုန်း မြင့်မားခြင်းနှင့် လေထုညစ်ညမ်းမှုအများဆုံး မြို့များအဖြစ် တည်ရှိနေသည်။

လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ် ဒေါ်လာ ၈ ဒသမ ၁ ထရီလီယံ (ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၆ ဒသမ ၁ ရာခိုင်နှုန်း) ဆုံးရှုံးနေပြီး လူဦးရေ ခြောက်သန်းနှင့် ကိုးသန်းအကြား အသက်ဆုံးရှုံးနေရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ လာဟိုး၊ ကဘူးလ်နှင့် အက်ဂရာမြို့ကြီးများအပါအဝင် လေထုညစ်ညမ်းမှုအများဆုံး မြို့ကြီး ကိုးမြို့၏ လေထုညစ်ညမ်းမှုသည် ယခင်ကထက် အဆ ၂၀ ကျော် ပိုမိုဆိုးရွားလာနေကြောင်း သိရသည်။

## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိုးရိမ်ကြောင့်ကြမှုများ

၂၀၁၉ ခုနှစ်မှစ၍ ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှုအပေါ် စိုးရိမ်မှုနည်းပါးလာခဲ့သည်။ ဂေဟစနစ်ဆိုင်ရာ ခြိမ်းခြောက်မှုအမြင့်ဆုံးနှင့် ထိတွေ့သည့်ဒေသများသည် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ ပျမ်းမျှအားဖြင့် စိုးရိမ်မှုအနည်းဆုံးဖြစ်ပြီး ဆာဟာရအာဖရိကနှင့် တောင်အာရှတို့တွင် စစ်ပွဲများ၊ အကြမ်းဖက်မှု၊ ရာဇဝတ်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာများမှာ ရာသီဥတုပြောင်းလဲမှုထက် ပိုမိုစိုးရိမ်နေရကြောင်း သုံးသပ်ထားသည်။

စင်ကာပူနိုင်ငံသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုပြောင်းလဲမှုအတွက် စိုးရိမ်မှုအဆင့် ၄၉ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်သည့် စိုးရိမ်မှုအဆင့်တွင် အကြီးမားဆုံးသော ကျဆင်းမှုအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ဥရောပရှိ နိုင်ငံပေါင်း ၁၃ နိုင်ငံတွင်လည်း ရာသီဥတုပြောင်းလဲမှုအတွက် စိုးရိမ်မှု၊ ကျဆင်းမှု မှတ်တမ်းဝင်ခဲ့ပြီး ဘယ်လ်ဂျီယံနိုင်ငံ၌ အဆိုးဆုံးဖြစ်သည်။ စင်ကာပူနှင့် ဘယ်လ်ဂျီယံရှိ လူဦးရေများသည် ရာသီဥတုဖောက်ပြန်ခြင်းထက် လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယင်းတို့၏ ကျန်းမာရေးအတွက် ပိုမိုစိုးရိမ်နေကြဖွယ်ရှိသည်ဟု ဆိုသည်။ ကမ္ဘာပေါ်၌ လေထုညစ်ညမ်းမှု အများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံတွင် ယင်းနိုင်ငံသားများ၏ ၂၀ ရာခိုင်နှုန်းကသာ ရာသီဥတုပြောင်းလဲမှုသည် ဆိုးရွားသော စိုးရိမ်ဖွယ်ဖြစ်သည်ဟု ယုံကြည်ကြပြီး ၂၀၁၉ ခုနှစ်မှစ၍ ယင်းထက် သုံးရာခိုင်နှုန်းပင် ကျဆင်းသွားခဲ့သည်။ ကမ္ဘာ့လေထုညစ်ညမ်းမှု အဆိုးရွားဆုံး ဒုတိယအဆင့်ရှိ အမေရိကန်သည် ကမ္ဘာလုံးပျမ်းမျှအဆင့် ၅၁ ဒသမ ၅ ရာခိုင်နှုန်း စိုးရိမ်မှုရှိပြီး တတိယမြောက် အဆိုးဆုံး လေထုညစ်ညမ်းမှုအဆင့်ရှိ အိန္ဒိယသည် ၃၉ ရာခိုင်နှုန်း စိုးရိမ်မှုရှိကြောင်း သိရသည်။

**ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်များ၏ ပျမ်းမျှကုန်ကျစရိတ်မှာ တစ်နှစ်လျှင် ဒေါ်လာဘီလီယံ ၂၀၀ ရှိပြီး ၁၉၈၀ ပြည့်လွန်နှစ်များထက် လေးဆ ပိုများလာခဲ့**

## သဘာဝဘေးအန္တရာယ်များနှင့် အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှုများ

သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုကို နိုင်ငံတစ်နိုင်ငံ၏ ခံနိုင်ရည်အဆင့်ဖြင့် ဆုံးဖြတ်သည်။ အာရှ–ပစိဖိတ်ဒေသသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုအများဆုံးဒေသဖြစ်ပြီး ယင်း၏နောက်တွင် ဆာဟာရအာဖရိကဒေသခွဲ၊ ဗဟိုအမေရိကနှင့် ကာရေဘီယံဒေသများဖြစ်ကြသည်။ ရေကြီးရေလျှံမှုသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံး သဘာဝဘေးအန္တရာယ်ဖြစ်ပြီး ၁၉၈၁ ခုနှစ်မှစ၍ ရေကြီးမှုဖြစ်စဉ်ပေါင်း ၅၀၇၉ ခုရှိကြောင်း မှတ်တမ်းဝင်ခဲ့သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်များ၏ ပျမ်းမျှကုန်ကျစရိတ်မှာ တစ်နှစ်လျှင် ဒေါ်လာဘီလီယံ ၂၀၀ ရှိပြီး ၁၉၈၀ ပြည့်လွန်နှစ်များထက် လေးဆ ပိုများလာခဲ့သည်။

သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပွားလာသည်နှင့်အမျှ လူ့အဖွဲ့အစည်းများသည် နောက်တစ်ကြိမ် ဘေးမဖြစ်ပွားမီ ပြန်လည်ထူထောင်ရန် ရုန်းကန်ခြင်းနှင့်အတူ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းခြင်းများ ဖြစ်ပေါ်လာစေရန် တွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။ ဂျာမနီ၊ ဆွီဒင်၊ ဩစတြီးယားနှင့် ဂရိတို့ အပါအဝင် ဥရောပနိုင်ငံများသည် ၂၀၂၂ ခုနှစ်အတွင်း ဒုက္ခသည် တစ်သန်းကျော်ကို ခေါ်ယူခဲ့ရသည်။ ထို့အတူ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များမှ အမြင့်ဆုံးပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များကို တွေ့ကြုံခံစားခဲ့ရသည့် နိုင်ငံများအနက် ဆီးရီးယား၊ အီသီယိုပီးယား၊ ကွန်ဂိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဖဂန်နစ္စတန်နှင့် တောင်ဆူဒန် နိုင်ငံများ ပါဝင်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရလျှင်မူ ဤအစီရင်ခံစာသည် လက်ရှိဂေဟစနစ်ဆိုင်ရာ စိန်ခေါ်မှုများစွာ၏ ကုန်ကျစရိတ်များကို ရာသီဥတုပြောင်းလဲမှုကြောင့် တိုးလာမည်ဖြစ်ကြောင်း သတိပေးထားပြီး ဂေဟစနစ်ယိုယွင်းဆိုင်ရာ အန္တရာယ်များ၏ ခြိမ်းခြောက်မှုများ တိုးများလာနေခြင်းသည် စနစ်ကျသော ဖြေရှင်းမှုများ လုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း မီးမောင်းထိုးပြသနေခြင်းပင်ဖြစ်သည်။ အစိုးရများနှင့် နိုင်ငံတကာအေဂျင်စီများသည် အနာဂတ်ဂေဟစနစ် ပျက်စီးခြင်း၊ အုပ်စုလိုက် ရွှေ့ပြောင်းခြင်းနှင့် ပဋိပက္ခများကို ရှောင်ရှားရန် ရေရှည်ခံနိုင်ရည် တည်ဆောက်ခြင်းတွင် ရင်းနှီးမြှုပ်နှံ ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များသည် ရေအသုံးချမှုကို မြှင့်တင်ခြင်းနှင့်၊ စိုက်ပျိုးရေးကို မြှင့်တင်ပေးသည့် အသေးစားလုပ်ငန်းများကို အာရုံစိုက်သင့်သည်။ သို့မှသာ အဆင်းရဲဆုံးသော လူသားများ၏ ဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ။

**ကိုးကား – https://www.visionofhumanity.org/750-million-globally-affected-by-undernourishment/**

## ပွဲကြိုသုံးသပ်ချက်

နိုဝင်ဘာ ၃၀ ရက်မှာ အုပ်စု (ဂ) နဲ့ (ဃ) မှ ကမ္ဘာ့ဖလား အုပ်စုနောက်ဆုံး ပွဲစဉ်များကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်တက်ရောက်ရေးအတွက် အရေးပါနေတဲ့ ပွဲစဉ်တွေပါဝင်နေပါတယ်။

| ကမ္ဘာ့ဖလားပွဲစဉ် (၃) | |
|---|---|
| ၃၀-၁၁-၂၀၂၂ | ဗုဒ္ဓဟူးနေ့ |
| တူနီးရှား - ပြင်သစ် | ည ၉း၃၀ |
| ဩစတြေးလျ - ဒိန်းမတ် | ည ၉း၃၀ |
| ပိုလန် - အာဂျင်တီးနား | နံနက် ၁း၃၀ |
| ဆော်ဒီအာရေဗျ -မက္ကဆီကို | နံနက် ၁း၃၀ |

# ပိုလန်ကို အနိုင်ရမှ ရှုံးထွက်အဆင့်တက်ရေး ရင်အေးရမယ့် အာဂျင်တီးနား

## လင်းလက်ကြယ်


စလင်္ကိ (၂ နှစ်)
တူနီးရှား (ကွင်းလယ်တိုက်စစ်)
၇၁ ပွဲကစား ၁၄ ဂိုးသွင်း

### တူနီးရှား VS ပြင်သစ်အသင်းအခြေအနေ

ပြင်သစ်က နောက်တစ်ဆင့်တက်ရောက်ထားနိုင်ပြီမို့ အရန်ကစားသမားများဖြင့်သာ ပွဲထွက်လာဖွယ်ရှိပြီး ပြိုင်ဘက်တူနီးရှားအသင်းက မဖြစ်မနေနိုင်ပွဲရရေးအတွက် အားထားရတဲ့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာပါ။ တူနီးရှားအသင်းက ပြင်သစ်ကို အနိုင်ရရှိခဲ့ရင်တောင် ရှုံးထွက်အဆင့်တက်ရောက်နိုင်ဖို့ တစ်ဖက်အသင်းရဲ့ ရလဒ်ကို စောင့်ကြည့်ရဦးမှာပါ။ သို့သော်ငြား တူနီးရှား အသင်းအနေနဲ့ ခံစစ်ပိုင်း ကျစ်လျစ်ပြီး တိုက်စစ်ပိုင်း ထက်မြက်တဲ့ လက်ရှိချန်ပီယံပြင်သစ်ကို အနိုင်ယူဖို့ ခက်ပါလိမ့်မယ်။


အမ်ဘတ် နှစ်)
ပြင်သစ် (တိုက်စစ်)
၆၁ ပွဲကစား ၃၁ ဂိုးသွင်း


ဒူကီ (၃၁ နှစ်)
ဩစတြေးလျ (တိုက်စစ်)
၂၃ ပွဲကစား ၉ ဂိုးသွင်း

### ဩစတြေးလျ VS ဒိန်းမတ်အသင်းအခြေအနေ

ဩစတြေးလျအသင်းက ဒိန်းမတ်အသင်းထက်မှာ ရပ်တည်နေတယ်ဆိုပေမယ့် ယခုပွဲစဉ် နိုင်မှသာလျှင် နောက်တစ်ဆင့်တက်ရေး စိတ်အေးရမှာ ဖြစ်တယ်။ ဒိန်းမတ်အသင်းအတွက်က ဩစတြေးလျကို မဖြစ်မနေနိုင်ပွဲရရှိမှသာ ရှုံးထွက်အဆင့်တက်ရေး မျှော်လင့်နိုင်မှာပါ။ ဒီနှစ်သင်းရဲ့ ခြေစွမ်းကိုကြည့်ရင် ဩစတြေးလျက သိသိသာသာကွာခြားခြင်း မရှိဘူးဆိုသော်ငြား အသင်းလိုက် စုဖွဲ့မှုပိုင်းနဲ့ ချိတ်ဆက်ကစားမှုပိုင်းမှာ ဒိန်းမတ်အသင်းက သေသပ်ပြီး ကျစ်လျစ်တယ်။


ခရစ္စတန်ဆန် (
ဒိန်းမတ် (ဗဟိုခံစစ်)
၆၀ ပွဲကစား ၃ ဂိုးသွင်း


လီဝမ်ဒေါစကီး (
ပိုလန် (တိုက်စစ်)
၁၃၆ ပွဲကစား ၇၇ ဂိုးသွင်း

### ပိုလန် VS အာဂျင်တီးနားအသင်းအခြေအနေ

လီဝမ်ဒေါစကီးရဲ့ ပိုလန်က သရေတစ်မှတ်ရလျှင်ပင် နောက်တစ်ဆင့်တက်ရောက်နိုင်မှာဖြစ်ပြီး မက်ဆီရဲ့ အာဂျင်တီးနားက နိုင်ပွဲရရှိမှသာ စိတ်အေးနိုင်မှာဖြစ်တယ်။ ကစားခဲ့တဲ့ ခြေစွမ်းအရ ပိုလန်အသင်းက အာဂျင်တီးနားအသင်းထက် ပိုရုန်းကန်နေရတာ တွေ့ရပြီး အသင်းရဲ့ အဓိက တိုက်စစ်မှူး လီဝမ်ဒေါစကီးသာ ပုံမှန်ခြေစွမ်းအောက် ရောက်နေခဲ့ရင် အာဂျင်တီးနားအသင်း အောင်ပွဲခံသွားနိုင်တယ်။ ထိုနည်းတူ အာဂျင်တီးနားအသင်းကလည်း ယခင်ပွဲစဉ်တွေက စွမ်းဆောင်နိုင်မှုထက် သာလွန်မှသာ လိုအပ်တဲ့နိုင်ပွဲကို ဖော်ဆောင်နိုင်မှာ ဖြစ်တယ်။


မက်ဆီ (၃၅ နှ
အာဂျင်တီးနား (တိုက်စစ်)
၁၆၇ ပွဲကစား ၉၃ ဂိုးသွင်း


အယ်ဒေါ်ဆရီ (၃၁ နှစ်)
ဆော်ဒီအာရေဗျ (တောင်ပံ)
၇၃ ပွဲကစား ၁၈ ဂိုးသွင်း

### ဆော်ဒီအာရေဗျ VS မက္ကဆီကိုအသင်းအခြေအနေ

နောက်တစ်ဆင့်တက်ရေးမှာ မက္ကဆီကိုထက် ဆော်ဒီအာရေဗျက ပိုနီးစပ်တယ်လို့ဆိုနိုင်ပေမယ့် တစ်ဖက်အသင်းရဲ့ ရလဒ်ကို ကြည့်ရဦးမှာဖြစ်တာကြောင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် မရှိတဲ့ အနေအထားဖြစ်နေတယ်။ ဆော်ဒီအာရေဗျ ကစားပုံ မာကျောပြီး အာဂျင်တီးနားလိုအသင်းကြီးကို နိုင်ပွဲပွဲရရှိခဲ့တယ်ဆိုပေမယ့် အိုချိုအာ၊ လိုဇာနို၊ အယ်ဗာရက်ဇ်၊ မိုရီနိုတို့လို အရည်အသွေးမြင့်ကစားသမားတွေရှိတဲ့ မက္ကဆီကိုအသင်းကို ကျော်ဖြတ်ဖို့ဆိုတာ အလွန်ခက်ခဲပါလိမ့်မယ်။


အု ာ (၃၇ နှစ်)
မက္ကဆီကို (ဂိုးသမား)
၁၃၃ ပွဲကစား



## ဥရုဂွေးကို အနိုင်ယူပြီး ၁၆ သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့သည့် ပေါ်တူဂီ

နိုဝင်ဘာ ၂၉ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု (ဇ) ပွဲစဉ် (၂) မှ နာမည်ကြီး ပေါ်တူဂီအသင်းနှင့် ဥရုဂွေးအသင်းတို့ ပွဲစဉ်တွင် ပေါ်တူဂီအသင်းက ဂိုးပြတ်အနိုင်ရရှိပြီး ၁၆ သင်း အဆင့်သို့ တက်လှမ်းသွားနိုင်ပြီ ဖြစ်သည်။

ပွဲချိန်အများစုကို ပေါ်တူဂီအသင်းက ထိန်းချုပ်ထားနိုင်ပြီး ဥရုဂွေးအသင်းက ရံဖန်ရံခါမှသာ ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်နိုင်ခဲ့သည်။ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို ဖာနန်ဒက်စ်က ပွဲချိန် ၅၄ မိနစ်နှင့် ပွဲချိန်ပြည့်ခါနီးတွင် သွင်းယူပေးခဲ့သည်။

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂ ရက်တွင် ပေါ်တူဂီအသင်းက တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဥရုဂွေးအသင်းက ဂါနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



## အုပ်စု(က) နောက်ဆုံးပွဲစဉ်တွင် ပြိုင်ဘက်ကိုအနိုင်ရပြီး နယ်သာလန်နှင့် ဆီနီဂေါတို့ နောက်တစ်ဆင့်တက်

နိုဝင်ဘာ ၂၉ ရက်ည ၉ နာရီခွဲက အုပ်စု (က) မှ ပွဲစဉ် (၃) ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်နှင့် ဆီနီဂေါအသင်းတို့ အနိုင်ရရှိပြီး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

နယ်သာလန်နှင့် ကာတာအသင်းတို့ပွဲစဉ်တွင် နယ်သာလန်အသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အီကွေဒေါနှင့် ဆီနီဂေါအသင်းတို့ပွဲစဉ်တွင် ဆီနီဂေါအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အုပ်စုပွဲစဉ်များ ပြီးဆုံးချိန်၌ နယ်သာလန်အသင်းက ရမှတ် ၇ မှတ်ရရှိကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး ဆီနီဂေါအသင်းက ရမှတ်ခြောက်မှတ်ရရှိကာ အုပ်စု ဒုတိယဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

အောင်ဇော်

### ကမ္ဘာ့ဖလားရှုံးထွက်အဆင့်သို့ တက်လှမ်းထားနိုင်သည့် အသင်းများ

| | | |
|---|---|---|
| ၁။ | ပြင်သစ် | အုပ်စု (ဃ) |
| ၂။ | ဘရာဇီး | အုပ်စု (ဆ) |
| ၃။ | ပေါ်တူဂီ | အုပ်စု (ဇ) |
| ၄။ | နယ်သာလန် | အုပ်စု (က) |
| ၅။ | ဆီနီဂေါ | အုပ်စု (က) |


နိုဝင်ဘာ ၂၉ ရက် အထိသာ

### ကမ္ဘာ့ဖလား အုပ်စု (ဆ) ပွဲစဉ် (၂) အပြီး ရပ်တည်မှု

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ဘရာဇီး | ၂ | ၂ | ၀ | ၀ | ၆ |
| ၂။ | ဆွစ်ဇာလန် | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ | ကင်မရွန်း | ၂ | ၀ | ၁ | ၁ | ၁ |
| ၄။ | ဆားဘီးယား | ၂ | ၀ | ၁ | ၁ | ၁ |

### ကမ္ဘာ့ဖလား အုပ်စု (ဇ) ပွဲစဉ် (၂) အပြီး ရပ်တည်မှု

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်တူဂီ | ၂ | ၂ | ၁ | ၀ | ၆ |
| ၂။ | ဂါနာ | ၂ | ၁ | ၀ | ၁ | ၃ |
| ၃။ | တောင်ကိုရီးယား | ၂ | ၀ | ၀ | ၁ | ၁ |
| ၄။ | ဥရုဂွေး | ၂ | ၀ | ၁ | ၁ | ၁ |

### ကမ္ဘာ့ဖလားပြိုင်ပွဲသွင်းဂိုးအများဆုံး သွင်းယူထားသူများ

| စဉ် | အမည် | အသင်း | ဂိုး |
|---|---|---|---|
| ၁။ | အမ်ဘတ်ပီ | ပြင်သစ် | ၃ |
| ၂။ | ဗလင်စီယာ | အီကွေဒေါ | ၃ |
| ၃။ | မက်ဆီ | အာဂျင်တီးနား | ၂ |
| ၄။ | ဖာနန်ဒက်စ် | ပေါ်တူဂီ | ၂ |



# ကချင်ပြည်နယ်ဝန်ကြီးချုပ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

မြစ်ကြီးနား နိုဝင်ဘာ ၂၉

ကချင်ပြည်နယ်အတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မနော ရွှေပြည်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှုများမှ ကာကွယ်စောင့်ရှောက်ရေးအတွက် သက်ဆိုင်သည့် လုပ်ငန်းအစီအစဉ်များ၊ မူဝါဒများ၊ စီမံကိန်းစီမံချက်များ၊ လမ်းညွှန်ချက်များကို ချမှတ်ဖော်ဆောင်သည့် နေရာတွင် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအားလုံးကပါ ဝိုင်းဝန်းပူးပေါင်းပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များက မြစ်ကြီးနားမြို့ပေါ်မှ မေတ္တာရိပ်မြုံ ပရဟိတဂေဟာနှင့် ချမ်းမြေ့ပရဟိတဂေဟာတို့မှ သားငယ်၊ သမီးငယ်များ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ပေးရေးအတွက် တေးသီချင်းများ၊ သရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြပြီး(အပေါ်ပုံ) ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ပရဟိတ ဂေဟာများအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီ ပေးအပ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၆၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၆၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၄၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၅၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၉၀ ကျပ် | ၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၀၀ ကျပ် | ၁၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၀၅ ကျပ် | ၂၀၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၇၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၂၉ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၉ . ၂၃၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၁၉ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၅ . ၈၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၂ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၇၀၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၂၀၀ | ၁၁၂၁ | ၁၀၂၀၁၁၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၄၁၃၀ | ၁၃၇၈၅၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၀၀၀ | ၆၆ | ၁၂၈၅၅၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁၀၀ | ၂၆၅၀၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၀၁ | ၂၇၂၇၀၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၂၈၇ | ၁၄၁၉၇၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၄၅ 'စာပေအမွေအနှစ်ထိန်းသိမ်းရာ အမျိုးသားစာကြည့်တိုက်မှာ'
- ၁၁:၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၀ 2022 World Cup Highlight(10)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အာမုန်း"(အပိုင်း-၁၆)
- ၁၃:၀၅ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၃၉+၄၀) (ဇာတ်သိမ်း)
- ၁၅:၃၀ "ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်များ"
- ၁၆:၁၅ '၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ '၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်' (အသက်ထက်မြတ်သောဂုဏ်သိက္ခာ ဆို၊ ငို၊ ပြော ဇာတ်ကြီးဖျော်ဖြေတင်ဆက်မှု)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ 2022 World Cup Highlight(10)
- ၂၁:၀၅ '၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်' (အသက်ထက်မြတ်သောဂုဏ်သိက္ခာ ဆို၊ ငို၊ ပြော ဇာတ်ကြီးဖျော်ဖြေတင်ဆက်မှု)

**mitv**

- 07:01 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- 07:11 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-1)
- 07:30 Discovering Tribes: Enn (Their Life and Customs)
- 08:01 News
- 08:27 Malikha & Fairy Island
- 08:40 Ywar Thit's Monhinkhar
- 08:54 Myanma Toddy Palm, A Source of Rural Income
- 09:01 Bagan Lacquerware
- 09:15 Artist Life: Designer May Myat Waso
- 09:37 A Visit To Ye
- 10:01 News
- 10:26 Topical Topics (No.17) Efficiently apply Social Media & Collectively participate in Combatting Fake News and False Information
- 10:33 Chanmyay Yeiktha Meditation Centre- Chaw Dwin Gone

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဓါတ်ကျိုက်ဘုရား

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ပြောင်းပူးခြောက်ပြုတ်နည်း

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ဝိတိုရိယတောင် (ခေါ်) ခေါ်နူးစုမ်

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ရိုးရာခေါက်မုန့်ပြုလုပ်နည်း

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ခြေသွေးညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း -၉)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပီနောင့်တိုင်းတို့နာမည်မှည့်ခေါ်ပုံ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
'ဝ' ရိုးရာဝက်သားဆန်ပြုတ်ချက်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
လောဗိတရေအားလျှပ်စစ်

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
အုပ်ဆောင်းပြုလုပ်ပုံ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း -၇)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ စာပေအမွေအနှစ်များထိန်းသိမ်းရာ အမျိုးသားစာကြည့်တိုက်မှာ
- ၁၂:၁၅ "ကာတာကမ္ဘာ့ဖလား"(Highlights)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၅:၄၅ "ကာတာကမ္ဘာ့ဖလား"(ပွဲကြိုသုံးသပ်ချက်)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "အာဟာရ"
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ(အပိုင်း-၁)
- ၁၁:၃၀ "အတွေးအမြင်" အပိုင်း(၃)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ မျိုးစေ့ပြပွဲမှသည် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆီ
- ၀၆:၅၀ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၀၇:၀၀ ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် 'သမဝါယမဦးစီးဌာန'
- ၀၇:၅၀ ကုန်စည်ဒိုင်နှင့်စိုက်တောင်သူ
- ၀၈:၂၀ 'ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလု'
- ၀၉:၃၅ ချောင်းမကြီးဝါသီးနှံမျိုးသန့်ခြံသည် ဝါစိုက်တောင်သူများ၏ အကျိုးကိုဦးတည်

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၁၅:၂၀ World Cup Hightlight/ ကာတာကမ္ဘာ့ဖလား နေ့စဉ်ပွဲကြိုသုံးသပ်ချက်
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

World AIDS Day ကျန်းမာရေး အသိပညာပေးဆောင်းပါး

# ကမ္ဘာ့အေ့ဒ်စ်ရောဂါအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

တင်ထက်ထက်ဇော်

နှစ်စဉ် ဒီဇင်ဘာ ၁ ရက်ကို ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါနေ့ (World AIDS Day) အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ၃၄ နှစ်ရှိပြီ ဖြစ်ပါသည်။

- ❖ **လက်ရှိ ကမ္ဘာတစ်ဝန်း HIV ကူးစက်မှုနှုန်းသည် သုည ဒသမ ၈၃ စက္ကန့်တွင် လူဦးရေ ၃၃၉၀၀၀၀၀ နှုန်း ဖြစ်ပေါ်နေကြောင်းနှင့် လူဦးရေ ထက်ဝက် ကျော်ခန့်က HIV ပိုးကူးစက်ခံနေရသည့် ၎င်းတို့၏အခြေအနေကို မသိကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရ**
- ❖ **ဥရောပ သမဂ္ဂနိုင်ငံများမှ HIV ဗိုင်းရပ်စ်ကူးစက်ခံနေရသူ ခုနစ်ဦးလျှင် တစ်ဦးနှုန်းသည် ၎င်းတွင် HIV ဗိုင်းရပ်စ်ကူးစက်ခံနေရခြင်းကို မသိရှိကြကြောင်းနှင့် ယင်းအခြေအနေသည် ၂၀၃၀ ပြည့်နှစ်၌ AIDS ရောဂါကို အမြစ်ပြတ်ချေမှုန်းတိုက်ဖျက်ရေး ရည်မှန်းချက်အတွက် စိုးရိမ်ဖွယ်ရာ အဟန့်အတားဖြစ်နေ**

**ကူးစက်နိုင်ခြေမြင့်မားသော မျိုးဗီဇပြောင်း HIV ဗိုင်းရပ်မျိုးကွဲသစ်တစ်မျိုး တွေ့ရှိထား**

ယခုအခါ ကူးစက်နိုင်စွမ်း မြင့်မားသည့် မျိုးဗီဇပြောင်း ခုခံအားကျဆင်းမှုရောဂါဗိုင်းရပ်စ် (HIV) မျိုးကွဲသစ်တစ်မျိုးကို နယ်သာလန်နိုင်ငံ၌ သုတေသီများက ရှာဖွေတွေ့ရှိထားသည်။ VB HIV ဗိုင်းရပ်မျိုးကွဲဟူ၍ အမည်ပေးထားသည့် အဆိုပါမျိုးဗီဇပြောင်း HIV ဗိုင်းရပ်စ်ကို နယ်သာလန်နိုင်ငံသား ၁၀၉ ဦး၌ တွေ့ရှိထားကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။ VB HIV ဗိုင်းရပ်စ်ကြောင့် ခုခံအားကျဆင်းမှုရောဂါကူးစက်မှုသည် လက်ရှိ HIV ဗိုင်းရပ်စ်အမျိုးအစားထက် နှစ်ဆ ပိုမြန်ကြောင်း သုတေသီများက ဆိုသည်။ ၎င်းဗိုင်းရပ်စ်မျိုးကွဲသည် လူ၏ခုခံအားစနစ်ကို ဖျက်ဆီးတတ်ပြီး ဗိုင်းရပ်စ်ကူးစက်မှုကို နေ့စဉ်ရင်ဆိုင်နိုင်စွမ်း အားနည်းစေတတ်သည်ဖြစ်ရာ ၎င်းဗိုင်းရပ်စ်ကူးစက်ခံရပါက AIDS ရောဂါပေါ်ထွက်မှု ပို၍မြန်လာနိုင်သည်ဟု သုတေသီများက သတိပေးထားသည်။

ထို့ပြင် လူကိုယ်တွင်း၌ VB HIV ဗိုင်းရပ်စ်စုစည်းဝင်ရောက်နိုင်မှု ပမာဏမှာ အခြား HIV ဗိုင်းရပ်စ်များထက် ၃ ဒသမ ၅ ဆနှင့် ၅ ဒသမ ၅ ဆကြား ပို၍မြင့်မားလာရာ အခြားသူများထံ ကူးစက်နိုင်စွမ်းမှာလည်း ပိုမြင့်မားကြောင်း သုတေသီများက ပြောသည်။ သို့ပါ၍ VB HIV ဗိုင်းရပ်စ်ကူးစက်ခံရပါက ရောဂါကို စောစောစီးစီး ဖော်ထုတ်ကုသရန် အရေးကြီးကြောင်း သုတေသီများက သုံးသပ်ထားသည်။

**HIV နှင့် ကမ္ဘာ**

လက်ရှိ ကမ္ဘာတစ်ဝန်း HIV ကူစက်မှုနှုန်းသည် သုည ဒသမ ၈၃ စက္ကန့်တွင် လူဦးရေ ၃၃၉၀၀၀၀၀ နှုန်း ဖြစ်ပေါ်နေကြောင်းနှင့် လူဦးရေ ထက်ဝက်ကျော်ခန့်က HIV ပိုးကူးစက်ခံနေရသည့် ၎င်းတို့၏ အခြေအနေကို မသိကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ ဥရောပသမဂ္ဂနိုင်ငံများမှ HIV ဗိုင်းရပ်စ်ကူးစက်ခံနေရသူ ခုနစ်ဦးလျှင် တစ်ဦးနှုန်းသည် ၎င်းတွင် HIV ဗိုင်းရပ်စ်ကူးစက်ခံနေရခြင်းကို မသိရှိကြကြောင်းနှင့် ယင်းအခြေအနေသည် ၂၀၃၀ ပြည့်နှစ်၌ AIDS ရောဂါကို အမြစ်ပြတ်ချေမှုန်း တိုက်ဖျက်ရေး ရည်မှန်းချက်အတွက် စိုးရိမ်ဖွယ်ရာ အဟန့်အတားဖြစ်နေကြောင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများက ဖော်ပြထားသည်။ ထို့ပြင် ဥရောပကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန (ECDC) ၏ ယမန်နှစ် အစီရင်ခံစာအရ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံနှင့် နော်ဝေ၊ အိုက်စလန်နှင့် လီချက်စတိန်းတို့တွင် နေထိုင်သည့် လူဦးရေ ၈၁၀၀၀၀ ခန့်တွင် HIV ဗိုင်းရပ်စ် ကူးစက်ခံနေရပြီး ၎င်းတို့အနက် ၁၂၂၀၀၀ ခန့်သည် ၎င်းတို့ထံတွင် အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံနေရသည်ကို မသိရှိကြကြောင်း ဆိုထားသည်။

ဥရောပသမဂ္ဂနိုင်ငံများအတွင်း HIV ကူးစက်မှု၏ အဓိကအကြောင်းသည် အမျိုးသားအချင်းချင်း လိင်တူဆက်ဆံခြင်းကြောင့်ဖြစ်ပြီး HIV ကူးစက်မှုအားလုံး၏ ၄၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အမျိုးသမီးနှင့် အမျိုးသားလိင်ဆက်ဆံခြင်းမှ HIV ပိုးကူးစက်မှုသည် ကူးစက်မှုအားလုံး၏ သုံးပုံ တစ်ပုံအောက်သာရှိပြီး မူးယစ်ဆေးထိုးခြင်းကြောင့် HIV ပိုးကူးစက်မှုမှာ လေးရာခိုင်နှုန်းသာ ရှိကြောင်း ECDC ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လေ့လာမှုစစ်တမ်းများအရ အမေရိကန်နိုင်ငံမှာ လစဉ် လူငယ် ၁၀၀၀ ကို HIV ရောဂါပိုးကူးစက်ခံနေရကြောင်း၊ ထိုရောဂါပိုးကူးစက်ခံရသော အသက် ၁၃ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်မှာ ယင်းရောဂါပိုးကူးစက်ခံရသူ စုစုပေါင်းပမာဏ၏ ၂၆ ရာခိုင်နှုန်းရှိနေကြောင်း အမေရိကန်နိုင်ငံ AIDS ရောဂါတားဆီးကာကွယ်ရေးမှ ထုတ်ပြန်ထားသည်။

**HIV နှင့် မြန်မာနိုင်ငံ**

၂၀၁၃ ခုနှစ်အတွင်း ကောက်ယူရရှိသော စစ်တမ်းများအရ ကျန်းမာရေးအသိပညာ အားနည်းမှုကြောင့် HIV ပိုး ကူးစက်မှုနှုန်းသည် တစ်နေ့လျှင် အနည်းဆုံး ၂၃ ဦးခန့် ကူးစက်ခံနေရပြီဖြစ်ကြောင်း Myanmar Positive Group(MPG) ၏ ထုတ်ပြန်ကြေညာချက်အရ သိရှိခဲ့ရသည်။ UNAIDS ၏ ၂၀၁၈ ခုနှစ် မှတ်တမ်းအရ မြန်မာနိုင်ငံ၏ဖြစ်ပွားနှုန်း အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်းသည် သုည ဒသမ ၇ ရာခိုင်နှုန်း ဖြစ်သည်။ အာရှ-ပစိဖိတ်ဒေသတွင် သုည ဒသမ ၂ ရာခိုင်နှုန်းသာ တွေ့ရသည်။ မြန်မာနိုင်ငံတွင် မူးယစ်စိတ်ကြွဆေးကို ထိုးကြသူများ၏ ၁၉ ရာခိုင်နှုန်း၊ လိင်တူဆက်ဆံသူများ၏ ၆ ဒသမ ၄ ရာခိုင်နှုန်း၊ အကျဉ်းကျနေသော သူတို့၏ ၇ ဒသမ ၇ ရာခိုင်နှုန်းနှင့် အမျိုးသမီးပြည့်တန်ဆာများ၏ ၅ ဒသမ ၆ ရာခိုင်နှုန်း၌ HIV ပိုး တွေ့ရှိရသည်။ ရန်ကုန်မြို့၌ လိင်တူဆက်ဆံသူများ၏ ၂၆ ဒသမ ၆ ရာခိုင်နှုန်းတွင် HIV ပိုးတွေ့ရသောကြောင့် ၂၄ ဒသမ ၄ ရာခိုင်နှုန်း သာတွေ့ရသော ဘန်ကောက်မြို့ထက် ရာခိုင်နှုန်း ပိုများကြောင်း တွေ့ရသည်။ ရန်ကုန်မြို့၌ အလုပ် လုပ်သောအမျိုးသမီးပြည့်တန်ဆာများ၏ ၂၄ ဒသမ ၆ ရာခိုင်နှုန်းနှင့် မန္တလေးမြို့၌ အလုပ်လုပ်သော အမျိုးသမီးပြည့်တန်ဆာများ၏ ၁၃ ဒသမ ၇ ရာခိုင် နှုန်းတွင် HIV ပိုးကို တွေ့ရှိရပြီး ပိုးရှိသူအမျိုးသမီးများ၏ ၄၅ ရာခိုင်နှုန်းသာ ယင်းတို့တွင် ရောဂါပိုးရှိနေကြောင်း သိရှိကြကြောင်း ပညာရှင်များ၏ စစ်တမ်းများအရ လေ့လာသိရသည်။

**HIV ပိုးရှိသူမိခင်နှင့် ကလေး**

မိခင်မှသန္ဓေသားသို့ HIV ကူးစက်မှုကာကွယ်ရေး လုပ်ငန်းများနှင့် ဆေးကုသမှုလုပ်ငန်းများကို မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်ကတည်းက ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လမ်းညွှန်မှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။ HIV ပိုးကူးစက်ခံထားရသော မိခင်မှ မွေးဖွားလာသည့် ကလေးငယ်များအနေဖြင့် အသက် နှစ်လတာ ကာလအတွင်း HIV ပိုးသွေးစစ်မှုခံယူရန်နှင့် ART ဆေးဝါးများကို ဆောလျင်စွာရရှိအောင် စနစ်တကျဖြင့် ချိတ်ဆက်ဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန်လိုအပ်ကြောင်း အမျိုးသားခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ ဆောင်ရွက်နေကြောင်း လေ့လာသိရသည်။

**HIV ပိုး**

Human Immunodeficiency Virus ဟုခေါ်သော HIV သည် လူ့ခန္ဓာကိုယ်မှ ခုခံစွမ်းအားကို ကျဆင်းစေသော ဗိုင်းရပ်စ်ရောဂါပိုးတစ်မျိုး ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ကိုယ်ခံအားစနစ်ကို တိုက်ဖျက်ပစ်သော ရောဂါပိုးဟုခေါ်သည်။ ယင်းပိုးကူးစက်ခံရသောအခါ ခန္ဓာကိုယ်အတွင်းရှိ သွေးဖြူဥဆဲလ်များကို ဖျက်ဆီးပစ်လိုက်သည်။ HIV ပိုးကူးစက်ခံထားရသော်လည်း သာမန်လူတစ်ယောက်ကဲ့သို့ သွားလာလှုပ်ရှားနိုင်သဖြင့် မိမိကိုယ်ကို ကူးစက်ခံနေရသည်ကိုပင် မသိရှိနိုင်ကြပေ။ ထိုသွေးဖြူဥဆဲလ်များ ပျက်စီးသွားပါက ပြင်ပမှဝင်လာသောရောဂါပိုးများကို ခုခံနိုင်စွမ်းအား မရှိတော့ပေ။ ထိုသို့ ခုခံစွမ်းအားဖျက်ဆီးခံရခြင်းကို ခုခံအားကျဆင်းရောဂါ AIDS (Acquired Immune Deficiency Syndrome) ဟုခေါ်ပါသည်။ တစ်နည်းဆိုသော် AIDS ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းရှိ ခုခံအားစနစ် ပျက်စီးသွားခြင်းကြောင့် ကိုယ်တွင်းခုခံအားစနစ် ကျဆင်းလာသည့် ရောဂါဖြစ်ပါသည်။ ယင်းရောဂါကြောင့် လွန်စွာအားနည်းနေသည့်အတွက် ပြင်ပမှ ကူးစက်နိုင်သည့် ရောဂါမှန်သမျှကို ပြန်လှန်တွန်းကန်နိုင်စွမ်း (ဝါ) တားဆီးနိုင်စွမ်းမရှိတော့ဘဲ ရောဂါများ အစုလိုက်အပြုံလိုက် ဖြစ်ပွားလာစေသည်။

**HIV ပိုး ရှိ မရှိ စစ်ဆေးနည်း**

ရောဂါပိုးရှိသူသည် စဦးကာလများတွင် သာမန်လူများကဲ့သို့ပင် ကျန်းမာသန်စွမ်းနေနိုင်၍ အပြင်ပန်းအားဖြင့် မသိနိုင်ပေ။ ရောဂါပိုး ရှိ မရှိကို သွေးစစ်ကြည့်မှသာ သိနိုင်ပါသည်။ ထိုရောဂါပိုးကူးစက်ခံရပါက ကိုယ်ခန္ဓာမှ တန်ပြန်တိုက်ဖျက်ရန် သွေးထဲက CD4 (ခေါ်) ပဋိဇီဝပစ္စည်းများ ထွက်ပေါ်လာသည်။ ထို့ကြောင့် HIV ပိုး ရှိ မရှိ (သို့မဟုတ်) ရောဂါအနုအရင့် အခြေအနေကို သိရှိနိုင်ရန် ယင်းပဋိဇီဝပစ္စည်းကို စစ်ဆေးရခြင်းဖြစ်ပါသည်။ သွေးစစ်ကြည့်ခြင်းဖြင့် သွေးထဲမှာ CD4 များတွေ့ရှိရပါက HIV ပိုး ကူးစက်ခံနေရပြီဖြစ်သည်။ HIV ပိုးဝင်ပြီး အင်တီဘော်ဒီ လုံလုံလောက်လောက်တက်ရန် အချိန်သုံးလ ကြာသည့်အတွက် ပထမအကြိမ်သွေးစစ်ပြီး HIV ပိုးမရှိသော်လည်း နောက်သုံးလအကြာမှာ ထပ်မံသွေးစစ်ရန် လိုအပ်သည်။

**HIV ပိုး ကူးစက်နိုင်မည့်နည်းလမ်းများ**

HIV ပိုးကို သွေး၊ သုက်၊ နို့ရည်ကဲ့သို့သော ကိုယ်ခန္ဓာမှထွက်ရှိသည့် အရည်များမှာ တွေ့ရှိနိုင်ပါသည်။ (က) HIV ရောဂါပိုးရှိသူ တစ်ဦးနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊ လိင်တူလိင်ကွဲဆက်ဆံခြင်း၊ (ခ) ရောဂါ ပိုးရှိသူ၏ သွေးကို သွင်းမိခြင်း၊ (ဂ) ဥပမာ ဘရိတ်ဓား၊ ဆေးထိုးအပ်၊ နားဖောက်ခြင်း၊ ဆေးမင်ကြောင်ထိုးခြင်း၊ မုတ်ဆိတ်မွေးရိတ်ခြင်း စသည်ဖြင့် ချွန်ထက်မြက်စူးရှသောအသုံးအဆောင်များကို ရောဂါပိုးရှိသူနှင့် အတူတကွ မျှဝေသုံးစွဲခြင်း။ (ဃ) ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်း။ (င) ရောဂါ ပိုး ရှိသော မိခင်မှတစ်ဆင့် ကလေးထံသို့ သားဖွားစဉ် (သို့မဟုတ်) ကလေးကိုနို့ရည်တိုက်ကျွေးခြင်း စသည်တို့ကြောင့် ကူးစက်နိုင်ပါသည်။




သို့သော် HIV ပိုးသည် ခြင်၊ ကြမ်းပိုးကိုက်ခြင်းမှတစ်ဆင့် မကူးစက်နိုင်ပေ။ နှာချေခြင်း၊ ချောင်းဆိုးခြင်းမှတစ်ဆင့် မကူးစက်နိုင်ပေ။ HIV ပိုး ရှိသူနှင့် အိမ်သာတစ်ခုတည်းကို အတူတကွအသုံးပြုခြင်းဖြင့် ရောဂါမကူးစက်နိုင်ပေ။ HIV ပိုးရှိသူနှင့် ပွေ့ဖက်နမ်းရှုံ့ခြင်းဖြင့် ရောဂါမကူးစက်နိုင်ပေ။ HIV ပိုး ရှိသူ၏ အဝတ်အစားများကို ဝတ်ဆင်ခြင်းဖြင့် ရောဂါမကူးစက်နိုင်ပေ။ HIV ပိုး ရှိသူနှင့် အစားအသောက်အတူစားခြင်း သို့မဟုတ် ပန်းကန်တစ်ခုထဲတွင် စားသောက်ခြင်းဖြင့်လည်း ရောဂါပိုး မကူးစက်နိုင်ပေ။ HIV ရောဂါပိုးသည် လေထဲမှတစ်ဆင့် မပြန့်ပွားနိုင်သဖြင့် တစ်ခန်းတည်း အတူနေ၊ အတူသွား၊ အတူ အလုပ်လုပ်၊ တယ်လီဖုန်းအတူသုံး၊ ကားအတူစီးခြင်း စသည်များမှတစ်ဆင့် လုံးဝမကူးစက်နိုင်ပေ။

**AIDS ရောဂါ လက္ခဏာများ**

ကြာရှည်ဖျားခြင်း၊ ကိုယ်အလေးချိန် သိသိသာသာလျော့ခြင်း၊ မကြာခဏ ဝမ်းပျက်ခြင်း၊ အကြိတ်ရောင်ခြင်း၊ ရေယုန်ပေါက်ခြင်း၊ ပါးစပ်အတွင်း မှက္ခရုပေါက်ခြင်း စသည်တို့သည် AIDS ရောဂါလက္ခဏာများဖြစ်ကြပါသည်။

**HIV ရောဂါ ကူးစက်မှု ကာကွယ်ရေး**

ထိုရောဂါပိုးသည် အကောင်းပကတိ အရေပြားကို ဖောက်ထွင်းနိုင်ခြင်း မရှိသော်ငြား၊ ဒွာရပေါက်များရှိ အမြှေးပါးမှတစ်ဆင့် စိမ့်ဝင်နိုင်ပါသည်။ ထို့ကြောင့် HIV ပိုး ကူးစက်မခံရစေရန်အတွက် အပျော်အပါးလိုက်စားမှုကို ရှောင်ကြဉ်ပါ။ အသက်ငယ်ရွယ်စဉ် လိင်ဆက်ဆံမှု မပြုပါနှင့်။ အကာအကွယ်မဲ့ လိင်ဆက်ဆံမှု မပြုရ။ တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုမှ ရှောင်ကြဉ်ပါ။ ဆေးထိုးအပ်၊ ဆေးထိုးပြွန်တို့ကို တစ်ခါသုံး (သို့မဟုတ်) စနစ်တကျ ပိုးသတ်ပြီးမှ သုံးပါ။ သွားတိုက်တံ၊ မုတ်ဆိတ်ရိတ်တံတို့ကို မျှဝေမသုံးစွဲရ။ အရက်သမား အမှားတစ်ထောင် ဖြစ်တတ်သည်ကို လျစ်လျူမရှုပါနှင့်။ လိင်ဆက်ဆံသည့်အခါတိုင်း ကွန်ဒုံးသုံးပါ။ မိမိတွင် သွေးသွင်းခံရန် လိုအပ်ပါက လက်ခံမည့်သွေးထဲတွင် HIV ပိုးမရှိကြောင်း သေချာစစ်ဆေးပါ။ တခြားသူများ၏ *စာမျက်နှာ ၂၁ သို့*

**မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း**

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဒုတိယအဆင့် Level-2 ပွဲစဉ် (၁၁ ၊ ၁၂)တွင် ပြိုင်ပွဲဝင်(၁၀)ဦးတို့မှ ပြဋ္ဌာန်းတစ်ပတ် စိတ်ကြိုက်တစ်ပတ် သီဆိုယှဉ်ပြိုင်ခဲ့ကြပြီး ပွဲစဉ်(၁၃) Result Show တွင် ပရိသတ် Voting (၇၀ %) နှင့် ဒိုင်အကဲဖြတ် အမှတ် (၃၀%) ရမှတ်များဖြင့် ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၇)ဦးဖြင့် ပြုလုပ်မည့် ပွဲစဉ်(၁၄) အတွက် ရွေးချယ်ထားသည့် အောက်ပါပြဋ္ဌာန်းတေးသီချင်း(၇)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ကစ္စပနဒီလှိုင်းသံ | ချင်းပြည်နယ် | (၂-၁၂-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၄) |
| ၂ | ဘိုးဘွားအမွေပေး လွတ်လပ်ရေး | ရန်ကုန်တိုင်းဒေသကြီး | |
| ၃ | မင်းဟာမြန်မာ | ပဲခူးတိုင်းဒေသကြီး | |
| ၄ | ပြည်ထောင်စုအလှ မြန်မာ့ဂုဏ်ရည် | ကရင်ပြည်နယ် | |
| ၅ | တောင်ပေါ်သူအိပ်မက် | ကချင်ပြည်နယ် | |
| ၆ | ဆွမ်ပရာဘွမ် | နေပြည်တော် | |
| ၇ | ပြည်ထောင်စုကြီးထာဝရတည်တံ့စေသား | ဧရာဝတီတိုင်းဒေသကြီး | |

## စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖွဲ့ချုပ်ဖလား မြင်းစီးအားကစားပြိုင်ပွဲများကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာ့ရိုးရာအမျိုးအစားနှင့် နိုင်ငံတကာအမျိုးအစားများပါဝင်ပြီး မြန်မာ့ရိုးရာအမျိုးအစား၌ ရိုးရာဒုန်း၊ ရိုးရာအသားကျ၊ ရိုးရာစက်ထိုးနှင့် ရိုးရာမြင်းရေးပြိုင်ပွဲများ၊ နိုင်ငံတကာအမျိုးအစား၌ Show Jumping၊ Eventing နှင့် Horse Ball ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွင်းရှိ မြင်းစီးအားကစားသမားများ၊ မြန်မာနိုင်ငံ မြင်းစီးအသင်းမှ လက်ရွေးစင်များ၊ မြင်းစီးကလပ်အသင်းများ၊ မြင်းချစ်မြတ်နိုးသူ အဖွဲ့အစည်းများမှ မြင်းစီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## ဘောလုံးနည်းပြသင်တန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၉**

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC/ MFF B Diploma Coaching Course Part 1 သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ နည်းစနစ်ဒါရိုက်တာနှင့် သင်တန်းနည်းပြဆရာဖြစ်သူ ဦးတင်မြင့်အောင်နှင့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုသိန်းက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာဖြစ်သူ ဦးတင်မြင့်အောင်က




နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ယင်းသင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ၂၁ ဦးနှင့် သင်တန်းသူ သုံးဦး တက်ရောက်လျက်ရှိသည်။ **ကိုညီလေး၊ ဓာတ်ပုံ-MFF**

## ကျိုင်းတုံတက္ကသိုလ်
## (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်(နေ့သင်တန်း)နှင့် ပထမအကြိမ်ဘွဲ့နှင်းသဘင်(အဝေးသင်သင်တန်း) ကြေညာချက်

၁။ ကျိုင်းတုံတက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ၂၀၂၁-၂၀၂၂ပညာသင်နှစ်များ၏ နောက်ဆုံးနှစ် သင်တန်းဘွဲ့စာမေးပွဲများကို အောင်မြင်သူများနှင့် ကျိုင်းတုံတက္ကသိုလ်အဝေးသင်သင်တန်း၊ ၂၀၁၉ပညာသင်နှစ်နှင့် ၂၀၂၀ ပညာသင်နှစ်တို့၏ နောက်ဆုံးနှစ် ဘွဲ့စာမေးပွဲများကို အောင်မြင်သူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ ယူရန်အတွက် လျှောက်ထားနိုင်သည်။

၁။ **(၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် (နေ့သင်တန်း)**
- အစမ်းလေ့ကျင့်မည့်ရက်- ၁၁-၂-၂၀၂၃ရက်
- ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်- ၁၃-၂-၂၀၂၃ရက်

၂။ **(ပထမ)အကြိမ်မြောက် ဘွဲ့နှင်းသဘင် (အဝေးသင်သင်တန်း)**
- အစမ်းလေ့ကျင့်မည့်ရက် - ၁၅-၂-၂၀၂၃ ရက်မှ ၁၆-၂-၂၀၂၃ ရက်အထိ
- ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - ၁၈-၂-၂၀၂၃ ရက်မှ ၁၉-၂-၂၀၂၃ အထိ

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| တက်ရောက်ဘွဲ့ကြေး | - | ကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးရာတိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - | ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | - | ၁-၁၂-၂၀၂၂ရက်မှ ၃၁-၁၂-၂၀၂၂ရက်အထိ |

၂။ ရပ်ဝေးမှလျှောက်ထားလိုသူများသည် စာတိုက်ငွေပို့လွှာ (POSTAL MONEY ORDER)ဖြင့်ပေးပို့ရမည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ နေ့သင်တန်း(သို့မဟုတ်) အဝေးသင် သင်တန်း၊ နေရပ်လိပ်စာ အပြည့်အစုံနှင့် တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့အတွက်ဟု တိကျစွာဖော်ပြရမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

